# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၁၂) ရက်မြောက်နေ့ မှတ်တမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | နိုင်ငံတော်၏ ကျန်းမာရေး၊ ပညာရေး၊ လုပ်သားအင်အား၊ လူမှုရေးဖွံ့ဖြိုးမှု၊ စီးပွားရေးဖွံ့ဖြိုးမှုများကို စဉ်းစားခြုံငုံသုံးသပ်ပြီး အမျိုးသားလူဦးရေမူဝါဒချမှတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း | ၄ |
| ၆ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ပညာရေးဌာနများတွင် လူနည်းစုတိုင်းရင်းသား များ၏ ကိုယ်ရေးအချက်အလက်များဖြည့်သွင်းရာ၌ မြန်မာအက္ခရာအပြင် သက်ဆိုင်ရာတိုင်းရင်းသား အလိုက် အက္ခရာ သို့မဟုတ် နိုင်ငံတကာသုံး အင်္ဂလိပ်အက္ခရာနှင့်ပါ ဖြည့်စွက်ရေးသွင်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | တိုင်းရင်းသားမျိုးနွယ်စုများတွင် ရိုဟင်ဂျာလူမျိုးမရှိကြောင်းအား မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်သူ လူထုသာမက ကမ္ဘာ့နိုင်ငံအသီးသီးအား သိရှိစေရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | ဆောက်လုပ်ရေးလုပ်ငန်းများ၊ သင်္ဘောကျင်းများ၊ စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင်ဝင်ရောက်မည့် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Safety Course သင်တန်းများ ပို့ချပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၉ | ကျေးသီးမြို့နယ်တွင် လဝက ဦးစီးအရာရှိတစ်ဦးနှင့် မိုင်နောင်မြို့တွင် လဝကမှူးတစ်ဦးအား အစားထိုးခန့်အပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၀ | တမူးမြို့မှ တစ်ဖက်နိုင်ငံနယ်စပ်မြို့သို့ ခုနစ်ရက်ပတ်စပို့ သို့မဟုတ် နေ့ချင်းပြန်ပတ်စပို့ဖြင့် တရားဝင် ကူးသန်းသွားလာခွင့်ရရှိရန် မည်သို့ | ၁၈ |

စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်က တင်သွင်းသည့် အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံပြင်ပသို့ သွားရောက်အလုပ် လုပ်ကိုင်နေကြရသော မြန်မာနိုင်ငံသားများသည် ပြည်ပနိုင်ငံများ၏ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မူဝါဒများနှင့် အခြားသောအကြောင်း ရပ်တို့ကြောင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိနေသဖြင့် ၎င်းတို့ဆက်လက်ရပ်တည်နိုင်ရေးနှင့် နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာကြပါက ထိရောက်သော ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သင့်လျော်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ် ဆောင်ရွက်သွားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၂၁

၁၂ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော် ၏အဆုံးအဖြတ်ရယူခြင်း ၃၅

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်း အလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော် ၏အဆုံးအဖြတ်ရယူခြင်း ၃၈

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၃၉

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၅-၂-၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၏ **နိုင်ငံတော်၏ ကျန်းမာရေး၊ ပညာရေး၊ လုပ်သားအင်အား၊ လူမှုရေးဖွံ့ဖြိုးမှု၊ စီးပွားရေးဖွံ့ဖြိုးမှုများကို စဉ်းစားခြင်ငုံသုံးသပ်ပြီး "အမျိုးသားလူဦးရေ မူဝါဒ" ချမှတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါ်အေးအေးမူ၊ ကလေး မဲဆန္ဒနယ်၏ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့်ပညာရေးဌာနများတွင် လူနည်းစုတိုင်းရင်းသားများ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းရာ၌ မြန်မာအက္ခရာအပြင် သက်ဆိုင်ရာ တိုင်းရင်းသားအလိုက်အက္ခရာ သို့မဟုတ် နိုင်ငံတကာသုံး အင်္ဂလိပ်အက္ခရာနှင့်ပါ ဖြည့်စွက်ရေးသွင်းခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **တိုင်းရင်းသား မျိုးနွယ်စုများတွင် ရိုဟင်ဂျာ လူမျိုးမရှိကြောင်းအား မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်သူလူထုသာမက ကမ္ဘာ့နိုင်ငံအသီးသီးအား သိရှိစေရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **ဆောက်လုပ်ရေးလုပ်ငန်းများ၊ သင်္ဘောကျင်းများ၊ စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင် ဝင်ရောက်မည့် အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Safety Course သင်တန်းများပို့ချပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းအောင်ကျော်၊ ကျေးသီး မဲဆန္ဒနယ်၏ **ကျေးသီးမြို့နယ်တွင် လဝက ဦးစီးအရာရှိ တစ်ဦးနှင့် မိုင်းနောင်မြို့တွင် လဝကမှူး တစ်ဦးအား အစားထိုးခန့်အပ်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့မှ တစ်ဖက်နိုင်ငံနယ်စပ်မြို့သို့ ခုနစ်ရက်ပတ်စပို့ သို့မဟုတ် နေ့ချင်းပြန် ပတ်စပို့ဖြင့် တရားဝင် ကူးသန်းသွားလာခွင့်ရရှိရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်က တင်သွင်းသည့် **"အကြောင်း အမျိုးမျိုးဖြင့် နိုင်ငံ ပြင်ပသို့ သွားရောက်အလုပ် လုပ်ကိုင်နေကြရသော မြန်မာနိုင်ငံသားများသည် ပြည်ပနိုင်ငံများ၏ ရွှေ့ပြောင်းအလုပ်သမား ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မူဝါဒများနှင့် အခြားသော အကြောင်းရပ် တို့ကြောင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိနေသဖြင့် ၎င်းတို့ ဆက်လက်ရပ်တည်နိုင်ရေးနှင့် နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက် လာကြပါက**

**ထိရောက်သော ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သင့်လျော်သည့် မူဝါဒနှင့်လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုင်းသန့်ဇင်၊ သီပေါ မဲဆန္ဒနယ်၊

( ခ ) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၊

( ဂ ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(ဃ) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၊

( င ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

( စ ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(ဆ) ဦးစိုင်းထွန်းအေး(ခ)ဦးစိုင်းဝင်းအေး၊ မိုင်းရှူး မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော **"၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## (၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)**
**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ⊞ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၈၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြား သူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန် ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ခွင့် ၅ ရက်၊
(၂) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဒွေး ခွင့် ၅ ရက်၊
(၃) မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ခွင့် ၅ ရက်၊
(၄) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၅ ရက်၊
(၅) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၅ ရက်၊
(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး ခွင့် ၂ ရက်၊
(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊
(၈) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၅ ရက်၊
(၉) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၁၀) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊
(၁၁) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၃ ရက်၊
(၁၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊
(၁၃) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁၉ ရက်၊
(၁၄) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊
(၁၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၁၆) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊
(၁၇) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင် ခွင့် ၅ ရက်၊
(၁၈) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၅ ရက်၊

(၁၉) အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း ခွင့် ၁ ရက်၊
(၂၀) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ခွင့် ၃ ရက်၊
(၂၁) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊
(၂၂) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၅ ရက်၊
(၂၃) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၅ ရက်၊
(၂၄) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၂ ရက်၊
(၂၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၂၄ ရက်၊
(၂၆) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊
(၂၇) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၃ ရက်၊
(၂၈) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၃ ရက်၊
(၂၉) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊
(၃၀) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊
(၃၁) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊
(၃၂) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊
(၃၃) မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ခွင့် ၂ ရက်၊
(၃၄) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၅ ရက်၊
(၃၅) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၅ ရက်၊
(၃၆) ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း ခွင့် ၁ ရက်၊
(၃၇) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၅ ရက်၊
(၃၈) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၂ ရက်၊
(၃၉) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၁ ရက်၊
(၄၀) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊
(၄၁) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်နှင့်
(၄၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့

အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံတော်၏ ကျန်းမာရေး၊ ပညာရေး၊ လုပ်သားအင်အား၊ လူမှုရေးဖွံ့ဖြိုးမှု၊ စီးပွားရေးဖွံ့ဖြိုးမှုများကို စဉ်းစားခြုံငုံသုံးသပ်ပြီး အမျိုးသားလူဦးရေမူဝါဒ ချမှတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်အနေနဲ့ ဒီနေ့မေးမြန်းမယ့်မေးခွန်းကတော့ အမျိုးသား လူဦးရေမူဝါဒချမှတ်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းကို ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ယူမှု အချက်အလက်များကိုအခြေခံပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအခြေခံအချက်အလက်များအရ မြန်မာနိုင်ငံရဲ့လူဦးရေက ၅၂ သန်း ဖြစ်ပါတယ်။ သို့သော် အဲဒီအချိန်တုန်းက ကျွန်တော်တို့လက်ခံထားတဲ့ ၁၉၈၃ ခုနှစ် လူဦးရေကို အခြေခံပြီးတော့ တွက်ထားတဲ့ခန့်မှန်းလူဦးရေက ၆၂ သန်းဖြစ်ပါတယ်။ လူဦးရေကွာခြားမှုက ၁၀ သန်း ဖြစ်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ လူဦးရေတိုးနှုန်းက ၀.၈၉ ဖြစ်ပါတယ်။ ဒီလူဦးရေတိုးနှုန်းရဲ့ Trend ကိုကြည့်မယ်ဆိုရင်လည်း ၁၉၅၅ ခုနှစ်လောက် ၂.၀၁ လောက်ဖြစ်တာကနေ တဖြည်းဖြည်း ကျဆင်းလာပြီးတော့ ၂၀၁၄ ခုနှစ်မှာ ၀.၈၉ ဖြစ်သွားတဲ့အတွက် လူဦးရေက တဖြည်းဖြည်းတိုးနှုန်းတွေ ကျဆင်းနေတယ်ဆိုတဲ့အချက်ကို ဒီမှာတွေ့ရပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ အမျိုးသားဦးရေနဲ့ အမျိုးသမီးဦးရေကိုကြည့်လိုက်လို့ရှိရင် အမျိုးသမီးဦးရေက ၂ သန်းလောက်ပိုပြီးများနေတာကို တွေ့ရ ပါတယ်။ မှီခိုသူဦးရေအချိုးကိုကြည့်မယ်ဆိုရင်တော့ ကျဆင်းလာပါတယ်။ သို့သော် ဒီလိုကျဆင်း လာတာဟာ မွေးဖွားနှုန်းကျဆင်းလို့ကျဆင်းတာဖြစ်ပြီးတော့ မှီခိုသူအချိုးမှာပါတဲ့ ကလေးသူငယ် မှီခိုသူအချိုးသာကျဆင်းခြင်း ဖြစ်ပါတယ်။ သက်ကြီးရွယ်အိုမှီခိုသူအချိုးကတော့ တဖြည်းဖြည်းနဲ့ တိုးတက်လာတာကို တွေ့ရပါတယ်။ တစ်ပြိုင်နက်တည်းမှာ Disable လို့ခေါ်တဲ့ ပုဂ္ဂိုလ်များရဲ့ အချိုးကဆိုရင် ၄.၆ ရာခိုင်နှုန်းဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ရေရှည်မှာ ကျွန်တော်တို့နိုင်ငံအတွက် လူဦးရေမူဝါဒတစ်ခုချမှတ်ဆောင်ရွက်ဖို့ လိုအပ်ပြီလို့ထင်လို့ ကျွန်တော့်

အနေနဲ့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။တစ်ပြိုင်နက်တည်းမှာပဲ နိုင်ငံရပ်ခြားမှာသွားရောက်အလုပ်လုပ်နေတဲ့သူတွေကို နှစ်သန်းဆိုပြီး ၂၀၁၄ ခုနှစ်မှာဖော်ပြထားပေမဲ့လို့ ပြင်ပလေ့လာသူများကတော့ ခြောက်သန်းလောက်ထိရှိတယ်လို့လည်း လေ့လာတွေ့ရှိထားတာကိုလည်း တင်ပြလိုပါတယ်။ တစ်ခါ ၁၅ နှစ်အထက် အမျိုးသားလူဦးရေတွေက အများဆုံးကျဆင်းနေတယ်လို့ ဒီမှာဖော်ပြထားတာတွေ့လို့ ကျွန်တော်တို့နိုင်ငံရဲ့လုပ်အားပေးနိုင်တဲ့ ယောကျ်ားလေးများဟာ ပြင်ပကမ္ဘာကိုသွားရောက်အလုပ်လုပ်နေတယ်ဆိုတဲ့အချက်ကိုလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့လူဦးရေအခြေအနေဟာ တဖြည်းဖြည်းနဲ့ကြာရှည်မှာ ကျုံ့ဝင်သွားနိုင်တဲ့သဘော ဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေကိုကြည့်မယ်ဆိုလို့ရှိရင် ဘီလီယံကျော်တဲ့နိုင်ငံက နှစ်နိုင်ငံ၊ သန်း ၁၆၀ ကျော်တဲ့နိုင်ငံကတစ်နိုင်ငံ၊ ၇၆ သန်းကျော်တဲ့နိုင်ငံကတစ်နိုင်ငံနဲ့ လာအိုနိုင်ငံတစ်နိုင်ငံသာ ကျွန်တော်တို့နိုင်ငံထက်နည်းနေတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ဒီလိုလူဦးရေကွာခြားချက်တွေက ရေရှည်မှာ ကျွန်တော်တို့နိုင်ငံအတွက် ထိရောက်မှုတစ်ခုခုဖြစ်လာနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ထင်မြင်တဲ့အတွက် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ ဒီလိုလူဦးရေမူဝါဒကို ချမှတ်မယ်ဆိုလို့ရှိရင်လည်း ဌာနပေါင်းစုံပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ လူဦးရေအတွက် အဓိကကျတဲ့အချက်အလက်တွေကတော့ မွေးဖွားနှုန်း၊ သေဆုံးခြင်း၊ ရွှေ့ပြောင်းသွားလာခြင်း၊ ပြည်ပသို့ထွက်ခွာအခြေစိုက်ခြင်း၊ ပြည်တွင်းသို့ဝင်ရောက်အခြေစိုက်ခြင်းစတဲ့ အချက်အလက်များပါ မူတည်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဝန်ကြီးဌာနတစ်ခုတည်းအနေနဲ့ ဆောင်ရွက်လို့ဖြစ်နိုင်မယ့်အခြေအနေမရှိပါဘူး။ ဝန်ကြီးဌာနများအားလုံးပူးပေါင်းဆောင်ရွက်ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေးစသဖြင့် ဒီလို အချက်အလက်ပေါင်းများစွာအတွက် ကြိုတင်မှန်းဆပြီးတော့ လူဦးရေမူဝါဒ ချမှတ်ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ အိမ်နီးချင်းနိုင်ငံများအားလုံးဟာလည်းပဲ မိမိတို့နိုင်ငံရဲ့အခြေအနေအရ လူဦးရေမူဝါဒများ ချမှတ်ဆောင်ရွက်နေပါတယ်။ အကြမ်းဖျင်းပြောရမယ်ဆိုရင်လူဦးရေတိုးနှုန်းများတဲ့ နိုင်ငံတွေဟာ လူဦးရေတိုးနှုန်းနည်းအောင် ဆောင်ရွက်နေရပြီးတော့ လူဦးရေတိုးနှုန်းနည်းနေတဲ့နိုင်ငံများ အရှေ့အာရှမှာဆိုလို့ရှိရင် ဂျပန်နှင့် တောင်ကိုရီးယား လူဦးရေတိုးနှုန်းများအောင်လည်း Incentive လို့ခေါ်တဲ့ ကျွန်တော်တို့ အကျိုးတရားတွေနဲ့ ပံ့ပိုးကူညီနေတာတွေ တွေ့ရပါတယ်။ တစ်ခါ EU နိုင်ငံများမှာဆိုရင်လည်းပဲ လူဦးရေတိုးနှုန်းတွေ နည်းပါးလာတာဖြစ်တဲ့အတွက်အခြေချနေထိုင်သူတွေကို ခေါ်ယူပြီးတော့ လုပ်နေရတာတွေဖြစ်ပါတယ်။ ဒီ့အတွက်လည်းပြဿနာတွေ၊ အခက်အခဲတွေအများကြီး ကြုံတွေ့နေရတာတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအခြေအနေများနှင့် ကိုက်ညီမယ့်လူဦးရေမူဝါဒ(National Population Policy)တစ်ခု ချမှတ် ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်းရဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့် လူဦးရေဆုလာဘ်ရရှိမှုအခြေအနေများကို လက်ဆုပ်လက်ကိုင်ပြုနိုင်ရန်နှင့် လူဦးရေဆုလာဘ်ရဲ့ နောက်ဆက်တွဲဆိုးကျိုးများမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားနိုင်ဖို့အတွက် လူဦးရေမူဝါဒချမှတ်ထားဖို့ လိုအပ်ပါတယ်။ လူဦးရေဆိုင်ရာမူဝါဒရေးဆွဲရာမှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြဆွေးနွေးသွားသလိုပါပဲ။ ကျွန်တော်တို့နိုင်ငံအတွက် သင့်လျော်မှုအရှိဆုံး၊ အဆီလျော်ဆုံးဖြစ်တဲ့ အနေတော်လူဦးရေ Optimum Population မိမိနိုင်ငံရဲ့ သယံဇာတကြွယ်ဝမှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေ ပထဝီဒေသအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု၊ မိမိနိုင်ငံရဲ့လက်ရှိလူဦးရေတိုးနှုန်း၊ မွေးနှုန်း၊ သေနှုန်း၊ ရွှေ့ပြောင်းနေထိုင်နှုန်း၊ မျှော်မှန်းသက်တမ်း၊ အိမ်နီးချင်းနိုင်ငံများရဲ့ လူဦးရေသိပ်သည်းဆ၊ ပျံ့နှံ့နေထိုင်မှုတို့နှင့် အမျိုးသားလုံခြုံရေးအတွက် ကာကွယ်ရေးအင်အားလိုအပ်ချက်များကိုလည်းပဲ ထည့်သွင်းစဉ်းစားသုံးသပ်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီစေမယ့် လူဦးရေအရွယ်အစား တိုးနှုန်း၊ ပျံ့နှံ့နေထိုင်မှု၊ ပါဝင်ဖွဲ့စည်းမှုတို့ဖြင့် သက်ဆိုင်တဲ့မူဝါဒများ မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် သက်ဆိုင်သောမူဝါဒများပါဝင်ရမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄ ခုနှစ်၊ သန်းခေါင်းစာရင်းအချက်အလက်များကို အသေးစိတ်လေ့လာဆန်းစစ်ထားတဲ့ သုတေသနစာတမ်းများမှ တွေ့ရှိချက်များကိုမူတည်ပြီးတော့မှ လူဦးရေမူဝါဒရေးဆွဲနိုင်ဖို့ ရည်မှန်းထားပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လူဦးရေနဲ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နဲ့ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ လူဦးရေဆိုင်ရာအဖွဲ့အစည်းများနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေ၊ နည်းဥပဒေနဲ့ မူဝါဒများချမှတ်ဆောင်ရွက်နိုင်ဖို့အတွက်ကို လုပ်ငန်းစဉ်ရဲ့ ပထမခြေလှမ်းအဖြစ် အမျိုးသားအဆင့်လူဦးရေနဲ့ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် (National Commission on Population In Development)ကိုဖွဲ့စည်းဖို့လိုအပ်ပါတယ်။ အဲဒီကော်မရှင်ကိုလည်းပဲ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၁)ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ သို့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၅၀/၂၀၁၆)ဖြင့် ဖျက်သိမ်းခဲ့ပါတယ်။ ပြန်လည်ဖွဲ့စည်းခွင့်ပြုဖို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းခွင့်ရရှိမယ်ဆိုလို့ရှိရင် လူဦးရေမူဝါဒရေးဆွဲခြင်းလုပ်ငန်းစဉ်များကို ကော်မရှင်မှဦးစီးပြီးတော့ ဝန်ကြီးဌာနပေါင်းစုံပါတဲ့ အဖွဲ့များနဲ့ စနစ်တကျဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းနဲ့ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးနဲ့တည်တံ့ခိုင်မြဲရေးတို့အတွက် အမျိုးသားလူဦးရေမူဝါဒကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ် ခင်ဗျား။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ပညာရေးဌာနများတွင် လူနည်းစုတိုင်းရင်းသားများ၏ ကိုယ်ရေးအချက်အလက်များဖြည့်သွင်းရာ၌ မြန်မာအက္ခရာအပြင် သက်ဆိုင်ရာတိုင်းရင်းသားအလိုက် အက္ခရာ သို့မဟုတ် နိုင်ငံတကာသုံး အင်္ဂလိပ်အက္ခရာနှင့်ပါ ဖြည့်စွက်ရေးသွင်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မမေးမြန်းလိုတဲ့အကြောင်းကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ပညာရေးဌာနများတွင် လူနည်းစုတိုင်းရင်းသားများ၏ ကိုယ်ရေးအချက်အလက်များဖြည့်သွင်းရာ၌ မြန်မာအက္ခရာအပြင် သက်ဆိုင်ရာတိုင်းရင်းသားအလိုက် အက္ခရာ သို့မဟုတ် နိုင်ငံတကာသုံး အင်္ဂလိပ်အက္ခရာနှင့်ပါ ဖြည့်စွက်ရေးသွင်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးရှစ်မျိုး၊ မျိုးနွယ်စုပေါင်း ၁၃၅ နဲ့ စုစည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုနိုင်ငံကြီးဖြစ်ပါတယ်။ ယဉ်ကျေးမှုစတင်ထွန်းကားရာ သမိုင်းမစတင်မီကတည်းက အတူတကွယှဉ်တွဲနေထိုင်ကြသော်လည်း ယဉ်ကျေးမှုဓလေ့ထုံးစံများနဲ့ ဘာသာစကား၊ စာပေနဲ့ အနုသုခုမယဉ်ကျေးမှုများဟာ သီးခြားစီဖွံ့ဖြိုးလာပါတယ်။ အခုလိုအရောင်အသွေးစုံလင်လှတဲ့ ကျွန်မတို့ပြည်ထောင်စုသားတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံများနဲ့ ဘာသာစကား၊ စာပေများကို တူညီသောအခွင့်အရေးများဖြင့် ဖွံ့ဖြိုးလာစေဖို့တွန်းအားပေးဆောင်ရွက်နေတဲ့ အစီအမံများပေါ်ပေါက်လာတဲ့အတွက် ဂုဏ်ယူရပါတယ်။ အထူးသဖြင့် တရားဝင်ရုံးသုံးဘာသာစကား၊ စာပေမဟုတ်တဲ့ တိုင်းရင်းသားဘာသာစကားနဲ့ စာပေများကို တရားဝင်သင်ကြားခွင့်ပြုလာတာကိုတွေ့ရလို့ အလွန်ပဲကျေနပ်ရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံဟာသေးငယ်ပြီး လူဦးရေကလည်း ၅၃ သန်းကျော်သာရှိပေမဲ့ ဘာသာစကားပေါင်းများစွာနဲ့ လူမျိုးစု ၁၃၅ မျိုးစုပေါင်းနေထိုင်ကြတာဟာ ကမ္ဘာမှာရှားပါးပြီးတော့ အံ့ဩစရာကောင်းတဲ့ ကျွန်မတို့ တကယ်ပဲအံ့ဩစရာကောင်းပေမယ့် အတူတကွတည်ရှိနေပါတယ်။ ကမ္ဘာရှိတိုင်းပြည်တိုင်းမှာ လူမျိုးစုတစ်မျိုးတည်း နေထိုင်ထူထောင်ထားတာမရှိသလို ဘာသာစကားတိုင်းကိုလည်း တရားဝင်ရုံးသုံးဘာသာစကားဖြင့် ပြဋ္ဌာန်းထားခြင်းမရှိပါဘူး။ တချို့နိုင်ငံတွေလောက်ပဲ

တစ်မျိုးမကထားကြပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း အားလုံးတစ်ညီတစ်ညွတ်တည်းလက်ခံကြတဲ့ မြန်မာစာနဲ့စကားကို တရားဝင်ရုံးသုံးအဖြစ် ပြဋ္ဌာန်းထားပါတယ်။ ဒီလိုနိုင်ငံသေးလေးအတွင်းမှာ ဘာသာစကားပေါင်းများစွာရှိပြီး အင်္ဂလိပ်ကိုလိုနီလက်အောက်မှာ နှစ်တစ်ရာမကနေခဲ့ရပေမဲ့ မြန်မာစာတစ်ခုတည်းကိုပဲ ရုံးသုံးအဖြစ်ပြဋ္ဌာန်းဖို့ ဘာ့ကြောင့်လုံလောက်ခဲ့ရတာလဲဆိုတာနဲ့ ပတ်သက်ပြီး ၁၉၈၆ ခုနှစ်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကိုလိုနီခေတ် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ရှိ ပညာတတ်လောကရဲ့အခြေအနေဆိုတဲ့ စာတန်းတစ်စောင်ကို ရေးသားပြီး ကမ္ဘာကိုဖြန့်ချိခဲ့ပါတယ်။ အဲဒီစာတန်းမှာ အိန္ဒိယနိုင်ငံရဲ့ ရုံးသုံးစာကို တစ်မျိုးမကထားရှိဖို့ ဘာ့ကြောင့်လိုအပ်တာလဲဆိုတာနဲ့ မြန်မာနိုင်ငံရဲ့ ရုံးသုံးစာကိုတစ်မျိုးတည်းထားရှိဖို့ ဘာ့ကြောင့် လုံလောက်ရသလဲဆိုတဲ့ သုတေသနပြုဖော်ပြထားတာကို တွေ့ရှိရလို့ ကျွန်မတို့ပြည်ထောင်စုအတွက် အင်မတန်မှဂုဏ်ယူမဆုံးဖြစ်ရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံရဲ့ ရုံးသားစာပေါ်မှာ လူနည်းစုတိုင်းရင်းသားများအတွင်း ခက်ခဲတဲ့အကြောင်းကိစ္စများပေါ်ပေါက်နေရပါတယ်။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ သက်ဆိုင်ရာ တိုင်းရင်းသားများအလိုက် မှည့်ခေါ်ကြတဲ့အမည်များကို မြန်မာစာဖြင့်ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းရာမှာ အမှားများပါလာခြင်းဖြစ်ပါတယ်။ အထူးသဖြင့် မှတ်ပုံတင်ပြုလုပ်ရာမှာနဲ့ ပညာရေး ဆိုင်ရာအချက်အလက်များဖြည့်သွင်းရာမှာ မှားယွင်းဖြည့်သွင်းခြင်းခံရတဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းသာမက သူနှင့်ဆက်စပ်ပတ်သက်တဲ့ နိုင်ငံအတွက်ပါ နစ်နာနေရပါတယ်။ ဒီနေရာမှာ ကျွန်မအနည်းငယ်ရှင်းပြ ပါရစေ။ တိုင်းရင်းသားကျောင်းသူတစ်ဦး ထူးချွန်ထက်မြက်ပြီး ဘွဲ့လက်မှတ်ရရှိမယ့်အချိန်မှာ ဖြည့်သွင်းတဲ့အဖအမည်ဟာ အသံတူပြီးစာလုံးပေါင်းသတ်ပုံမှာ ဌာနဆိုင်ရာများမှဖြည့်သွင်းတဲ့ စာလုံးပေါင်းသတ်ပုံနှင့် အနည်းငယ်ကွဲလွဲနေပါက ဘွဲ့လက်မှတ်ပေးရန် ငြင်းပယ်တာမျိုးဖြစ်ပါတယ်။ စာလုံးပေါင်းသတ်ပုံမှားယွင်းစွာပါလာကြောင်းသိရတဲ့အချိန်မှာ အမှန်ပြင်ဖို့အတွက် အလွန်ရှုပ်ထွေးတဲ့ လုပ်ငန်းစဉ်များကို အစကပြန်စရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ တိုင်းရင်းသား ၁၃၅ မျိုးထဲက ၁၃၄ မျိုးဟာ ဖွံ့ဖြိုးမှုနည်းပါးတဲ့ ပြည်ထောင်စုကြီးရဲ့နယ်စပ်ဒေသများမှာ အများစုနေထိုင်ကြတာဖြစ်ပြီးတော့ ရှားရှားပါးပါး ထွန်းပေါက်လာတဲ့ လူငယ်တစ်ဦးဟာ ပန်းတိုင်ရောက်ခါနီးမှ အလွန်သေးငယ်တဲ့ အမည်စာလုံးပေါင်း သတ်ပုံမှားကြောင့် အခက်အခဲကြုံနေရတာကို လေးလေးနက်နက်စဉ်းစားပေးစေလိုပါတယ်ရှင့်။ ဒီနေ့ဒီချိန်မှာ ကမ္ဘာကြီးဟာ ရွာကြီးတစ်ခုလိုဖြစ်နေပြီဖြစ်တဲ့အတွက် ကျွန်မတို့နိုင်ငံအတွင်း လူနည်းစု တိုင်းရင်းများရဲ့အမည်ကိုလည်း ကမ္ဘာမှာအသုံးများတဲ့ ဘာသာစကားနဲ့ ရေးသွင်းခွင့်ပြုသင့်တယ်ဟု ရည်ရွယ်ပြီးတော့ ဒီမေးခွန်းကို လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်က ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများစာအုပ်အပိုဒ် ၁၂ (က)(၁)(ကက)နဲ့(ဃဃ)တို့တွင် ကလေးမွေးဖွားကြောင်း မှတ်ပုံတင်ခြင်းနှင့်ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာအုပ်ထိန်းသူဟာ မွေးဖွားသည့်နေ့မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကောင်စီရုံး၊ ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသို့ မွေးစာရင်းနှင့်အတူ စာဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အကြောင်းကြားရမှာဖြစ်ပါတယ်။ မွေးဖွားကြောင်းအထောက်အထား လက်မှတ် ထွေ-၁(က)မှာလည်းပဲ အမည်ကိုမြန်မာဘာသာဖြင့် ပီသစွာရေးသားရမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်ပါက အမည်ကို မြန်မာဘာသာဖြင့်ရေးသားခြင်းအပြင် တိုင်းရင်းသားဘာသာဖြင့်လည်း ဖော်ပြရမှာဖြစ်ပါတယ်။ နိုင်ငံခြားသားဖြစ်တယ်ဆိုလို့ရှိရင် အမည်ကိုမြန်မာဘာသာဖြင့်ရေးသားခြင်းအပြင် အင်္ဂလိပ်ဘာသာဖြင့်လည်း ဖော်ပြရမယ်လို့ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်း လုပ်ငန်းနဲ့ပတ်သက်ပြီးတော့မှ လုပ်ထုံးလုပ်နည်းအရ ကိုယ်ရေးမှတ်တမ်း(နိုင်)နှင့်ပုံစံရေးသွင်းရတဲ့ အကြောင်းအရာများနဲ့ပတ်သက်ပြီးလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပါ အကြောင်းအရာများနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံသားကိုယ်ရေးမှတ်တမ်းပုံစံ(၂)တွင် မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်စာရင်းရေးသွင်းရာတွင် လျှောက်ထားသူကာယကံရှင် သို့မဟုတ် မိဘအုပ်ထိန်းသူများရဲ့ လျှောက်ထားဖော်ပြချက်အတိုင်း ရေးသွင်းဖော်ပြရမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အမည်စာရင်းများကို ကာယကံရှင်များမှ တင်ပြလျှောက်ထားသည့် မွေးဖွားကြောင်းအထောက်အထား အိမ်ထောင်စုစာရင်းတွင်ဖော်ပြထားတဲ့အမည်ကို ရေးသွင်းဖော်ပြထားရန် ညွှန်ကြားထားရှိပါတယ်။ အချို့သော တိုင်းရင်းသားလူမျိုးများမှ ၎င်းတို့ရဲ့အမည်များ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများရဲ့ ဘာသာစကားအရ အမည်များတွင်ပါဝင်တဲ့ ရှေ့ဆောင်စကားလုံးများအား ထည့်သွင်းဖော်ပြခြင်း မရှိဘဲနဲ့ ဦး၊ ဒေါ်၊ မောင်စသည်ဖြင့် ဖော်ပြလျှောက်ထားမှုများရှိလျှင်လည်းပဲ ၎င်းတို့ဖော်ပြလျှောက်ထားချက်များအတိုင်း ဌာနမှရေးသွင်းလျှောက်ထားပေးလျက်ရှိပါတယ်။ အချို့သော တိုင်းရင်းသားလူမျိုးများမှ သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားအရ အမည်တွင်ရှေ့ဆောင်စကားလုံးများ ရေးသွင်းလျှောက်ထားလာပါကလည်း ၎င်းတို့လျှောက်ထားချက်များအတိုင်း ကိုယ်ရေးမှတ်တမ်းများတွင် ရေးသွင်းဖော်ပြလျှောက်ထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံသားကိုယ်ရေးမှတ်တမ်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် တိုင်းရင်းသားလူမျိုးများရဲ့ အမည်ရေးသွင်းမှုနှင့်ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာမှတ်ပုံတင်တွေရဲ့ လိင်ကွဲပြားစွာသိရှိစေရန် ကာယကံရှင်များမှ တင်ပြလျှောက်ထားချက်များအတိုင်း ရေးသွင်းဆောင်ရွက်ထားရန်လည်းပဲ ညွှန်ကြားထားပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခြင်းနှင့်ပတ်သက်ပြီးတော့မှ အမျိုးသားမှတ်ပုံတင်နဲ့ နိုင်ငံသားဦးစီးဌာနမှာ တိုင်းရင်းသားများရဲ့ ကိုယ်ရေးအချက်အလက်များဖြည့်သွင်းရာမှာ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ နိုင်ငံသားကိုယ်ရေးမှတ်တမ်းပုံစံ(နိုင်)နှင့်ပုံစံနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားအကြောင်းအရာ ပြုစုရေးသွင်းခြင်းနည်းများအတိုင်း ကာယကံရှင်များမှတင်ပြသော မွေးဖွားကြောင်းအထောက်အထားလက်မှတ်ပါအမည်ကို မြန်မာဘာသာဖြင့် ပီသစွာရေးသားဖော်ပြရမည်။ တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်ပါကအမည်ကိုမြန်မာဘာသာဖြင့် ရေးသားဖော်ပြခြင်းအပြင် တိုင်းရင်းသားဘာသာဖြင့်လည်း ဖော်ပြရမည်ဟုတိကျစွာပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးဆွေးနွေးသွားတဲ့ ကျောင်းသူလေးကိစ္စနဲ့ပတ်သက်ပြီးတော့မှ ထူးခြားတဲ့ကိစ္စအနေနဲ့ ကျွန်တော်တို့ဌာနအနေနဲ့ အလေးအနက်ထားပြီးတော့မှ အမြန်ဆုံးစီစဉ်ဆောင်ရွက်ရန်ကိုလည်းပဲ ကျွန်တော်တို့ဆောင်ရွက်သွားပါ့မယ်။ ဌာနမှာရှိတဲ့ များပြားနေတဲ့အဆင့်တွေ နားလည်မှုလိုတဲ့ကိစ္စတွေလည်းပဲ ဖြေလျှော့ပြီးတော့မှ၊ ရှင်းလင်းပြီးတော့မှ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းသားဘာသာဖြင့်လည်းပဲ အမည်များကို ဖြည့်သွင်းရေးဆွဲနိုင်ပါတယ်လို့ တိကျစွာပြဋ္ဌာန်းထားတဲ့အတွက် မြန်မာစာအသံထွက်နဲ့ မြန်မာစကားနဲ့ အသံထွက်မှန်အောင်ရေးလို့မရတဲ့ တိုင်းရင်းသားအမည်များကိုလည်းပဲ မြန်မာဘာသာအပြင် သက်ဆိုင်ရာတိုင်းရင်းသားဘာသာဖြင့်လည်း ရေးသွင်းဖော်ပြနိုင်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တိုင်းရင်းသားမျိုးနွယ်စုများတွင် ရိုဟင်ဂျာလူမျိုးမရှိကြောင်းအား မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်သူလူထုသာမက ကမ္ဘာ့နိုင်ငံအသီးသီးအား သိရှိစေရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာဆိုရင် တိုင်းရင်းသားမျိုးနွယ်စု ၁၀၀ ကျော်ရှိပြီး မူလတိုင်းရင်းသားမျိုးနွယ်စုမှာ ရိုဟင်ဂျာမပါဘူးဆိုတာ အားလုံးသိရှိထားပြီး ဖြစ်ပါတယ်။ ရိုဟင်ဂျာဆိုတဲ့အမည်ဟာ ဗြိတိသျှကိုလိုနီကာလတစ်လျှောက်လုံးမှာ တရားဝင်စာရွက်စာတမ်းများမရှိတဲ့ အမည်ဖြစ်ပြီးတော့ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ နိုင်ငံရေးအရ လူမျိုးသစ်တစ်ခုအဖြစ် ဖန်တီးလာတာပဲဖြစ်ပါတယ်။ အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေးမှတ်တမ်းတွေ ထိန်းသိမ်းထားတဲ့ လန်ဒန်မှာရှိတဲ့ India Office Record (မှတ်တမ်း)မှာလည်း ရိုဟင်ဂျာဆိုတဲ့ ဝေါဟာရ ဖော်ပြထားခြင်းမရှိဘူးဆိုတာကို လေ့လာသိရှိရပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ယခင်အစိုးရလက်ထက် မြန်မာနိုင်ငံမှာ ရိုဟင်ဂျာမရှိကြောင်း နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်မှ UNHCR အကြီးအကဲ Antonia Guterres နဲ့ တွေ့တဲ့အချိန်မှာလည်းကောင်း၊ နယ်သာလန်ခရီးစဉ်မှာလည်းကောင်း ပြောကြားထားခဲ့တာကို တွေ့ရပါတယ်။ အလားတူပဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့လည်း ယခင်အစိုးရရော၊ ယခုအစိုးရလက်ထက်မှာပါ ၂၀၁၅ ခုနှစ် ဇူလိုင်လ BBC ရုပ်သံဌာနနဲ့ တွေ့ဆုံ

မေးမြန်းစဉ်မှာတစ်ကြိမ်၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန်နှင့် တွေ့ဆုံချိန်မှာတစ်ကြိမ်၊ ၂၀၁၇ ခုနှစ် မတ်လ ၂၇ ရက် (၇၂)နှစ်မြောက် တပ်မတော် နေ့ စစ်ရေးပြအခမ်းအနားမှာတစ်ကြိမ်၊ အောက်တိုဘာလ ၁၆ ရက် ကုလသမဂ္ဂ နိုင်ငံရေးဌာနအကြီး အကဲဖြစ်တဲ့ Mr. Jeffrey Feltman နဲ့ တွေ့ဆုံချိန်မှာတစ်ကြိမ် ပြောကြားခဲ့ပြီးလည်း ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ လူမျိုးရေး၊ ဘာသာရေးအကြောင်းပြုပြီးတော့ ပဋိပက္ခဖြစ်စဉ် ရှုပ်ထွေးမှုတွေ ဖြစ်နေတာဟာဆိုရင် ရှေးယခင်ကတည်းကပဲဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ရိုဟင်ဂျာအမည်ခံ ဘင်္ဂါလီတွေရဲ့ အကြမ်းဖက်မှုတွေနဲ့ နှုနေတဲ့အချိန်မှာ စနစ်တကျနဲ့ ရှင်းလင်းနိုင်မှုမရှိဘူးဆိုရင် ကင်ဆာလိုအမြစ်တွယ်သွားပြီးတော့ ကြာရင် ရခိုင်ပြည်နယ်ဟာ Disintegration ဖြစ်သွားနိုင်ပါတယ်။ ဒီနေရာမှာ အကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်ပြီးတော့ နိုင်ငံ့ခေါင်းဆောင်အချို့ရဲ့ ပြောတာလေးကို ထုတ်နုတ်တင်ပြလိုပါတယ်။ အမေရိကန်အနေနဲ့ ဒေါ်နယ်ထရန့်က လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်အတွက်နဲ့ အထစ်အငေါ့မရှိစေရဘူးလို့ ရှင်းရှင်းလင်းလင်းပြောကြားခဲ့ပါတယ်။ အလားတူ ဖိလစ်ပိုင်သမ္မတ ဒူတာတေးကလည်း (ဖိလစ်ပိုင်) အကြမ်းဖက်မှုအန္တရာယ်တွေကို ထိထိရောက်ရောက်နှိမ်နင်း ခွင့်မရှိအောင် တားဆီးထားတဲ့ ဘယ်လိုလူ့အခွင့်အရေးဥပဒေမျိုးမဆို ပြင်ဆင်ရေးဆွဲဖို့ အသင့်ရှိတယ် လို့လည်း ပြောပါတယ်။ အဲဒီလိုပဲ အလားတူ ရုရှားသမ္မတပူတင်ကလည်း လူ့အခွင့်အရေးဟာ အစွန်းရောက်အကြမ်းဖက်သမားတွေအတွက် ဖြစ်ခဲ့မယ်ဆိုရင် ကိုယ့်လည်ပင်းကို ကိုယ်ကြိုးကွင်းစွပ် သလို ဖြစ်သွားမယ်ဆိုပြီး ပြောကြားခဲ့တာကိုလည်း အားလုံးသိရှိထားပြီးဖြစ်ပါတယ်။ ရိုဟင်ဂျာမရှိ ကြောင်း၊ ပြတ်ပြတ်သားသားတုံ့ပြန်မှုမရှိဘဲ မြွေမသေ၊ တုတ်မကျိုးပုံစံမျိုးနဲ့ဆိုရင်တော့ ဆိတ်ဆိတ်နေ ခြင်းဟာ ဝန်ခံခြင်းသဘောကို သက်ရောက်သွားတဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေနဲ့ UN အပါအဝင် OIC လို အဖွဲ့ကြီးတွေရဲ့ ဖိအားတွေအောက်ကရုန်းထွက်ဖို့ တော်တော့်ကိုခက်ခဲသွားမှာဖြစ်ပါတယ်။ UN ရဲ့ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စယန်ဟီးလီအနေနဲ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ က ရိုဟင်ဂျာတွေဟာ Self Identification လို့ခေါ်တဲ့ မိမိကိုယ်ကို မိမိအတည်ပြုဖော်ပြခွင့်ကို UN ရဲ့ နိုင်ငံတကာအတည်ပြုထားတဲ့ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေအရ ဖော်ပြခွင့်ရှိရမယ်လို့ R to P အဖွဲ့ရဲ့ ကြေညာစာတမ်းမှာ မှတ်ချက်ပြုခဲ့ပါတယ်။ ဒီထက်ဆိုးတာကတော့ ရိုဟင်ဂျာတွေကို တိုင်းရင်းသားလူမျိုးစုအဖြစ် ပေးဖို့ ဖော်ပြခဲ့တာပဲ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် ရိုဟင်ဂျာ၊ ဘင်္ဂါလီအရေးဟာ ရှုပ်ထွေးနက်နဲလှပြီးတော့ နူးညံ့သိမ်မွေ့စွာ ဖြေရှင်းရမှာဖြစ်ပေမဲ့ အချိန်ကြာလာမယ်ဆိုရင်တော့ လူမှုနှစ်ဖက်ရဲ့ အသိုင်းအဝိုင်းနှစ်ခုကြားမှာ ပဋိပက္ခတွေက ပိုမိုဆိုးရွားစွာ ဖြစ်ပွားနိုင်တာကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ရခိုင် ပြည်နယ်အရေးမှာ နိုင်ငံတကာဖိအားကို ဂရုမစိုက်လို့မရဘူးဆိုတာမှန်ပေမဲ့ ဂရုစိုက်လွန်းအားကြီးရင် လည်း အမှားမှားအယွင်းယွင်းနဲ့ မလုပ်မိဖို့ သတိပြုရမှာဖြစ်သလို ထိလွယ်ရှလွယ်အနေအထားလည်း ဖြစ်တဲ့အတွက် ထိမှာရှမှာကြောက်လို့ မကိုင်တွယ်ဘူးဆိုရင်လည်း ပိုမိုဆိုးရွားသွားနိုင်တယ်ဆိုတာ ကိုလည်း သတိထားရမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အရေးမှာ အတိတ်ကဖြစ်ပွားခဲ့တာတွေကို ပြန်ပြင်လို့မရပေမဲ့ သင်ခန်းစာယူပြီး အနာဂတ်အတွက်ကောင်းမွန်အောင် အချင်းမပွား၊ အငြင်းမပွားဘဲ ဖြစ်စဉ်အမှန်တွေကို နိုင်ငံတကာအစိုးရအဖွဲ့အစည်းတွေ မီဒီယာများသိရှိအောင် ဘယ်လိုဆောင်ရွက်

ရမလဲဆိုတာ အစိုးရရယ်၊ ကျွန်တော်တို့ လွှတ်တော်ရယ်၊ သမိုင်းပညာရှင်တွေ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်စိတ်တစ်ဝမ်းတည်းပူးပေါင်းဆောင်ရွက်ကြဖို့နဲ့ Printed Medial Social Media တွေကလည်း ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုပါတယ်လို့ပြောကြားရင်းနဲ့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မက်မန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ လူဦးရေနဲ့ပတ်သက်ပြီးတော့မှ အဓိကတာဝန်ယူဆောင်ရွက်ရတဲ့ ဌာနဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လူမျိုးစာရင်းကောက်ယူခြင်းကို လွတ်လပ်ရေးမရမီ အင်္ဂလိပ်အစိုးရလက်ထက် ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်နှင့် ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းများမှာ ကောက်ယူခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်းပဲ ၁၉၅၃-၁၉၅၄ ခုနှစ် သန်းခေါင်စာရင်း၊ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းနဲ့ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကိုလည်းပဲ ကောက်ယူခဲ့တယ်လို့ မှတ်တမ်းများအရ သိရပါတယ်။ အဆိုပါ ၁၉၂၁ ခုနှစ်နဲ့ ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းအစီရင်ခံစာရဲ့ Part-1 Provincial Total Race and Relation ပါ မှတ်တမ်းများအရလည်းကောင်း ရိုဟင်ဂျာလူမျိုးအမည်ကို မည်သည့်သန်းခေါင်စာရင်းတွင်မှ မတွေ့ရပါကြောင်း မှတ်တမ်းများအရ သိရပါတယ်။

လွတ်လပ်ရေးရပြီးနောက် သန်းခေါင်စာရင်းကောက်ယူရန်အတွက် မြန်မာနိုင်ငံမှာနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးနွယ်စု အမည်စာရင်းများ သတ်မှတ်ပြုစုရာတွင်လည်း ၁၉၉၃ ခုနှစ် ပြုစုသော သန်းခေါင်စာရင်းအရ လူမျိုးစုစာရင်းအပေါ်အခြေခံပြီးလည်းကောင်း၊ ၁၉၅၃-၁၉၅၄ ခုနှစ် စာရင်းအရလည်းကောင်း၊ ၁၉၆၁ ခုနှစ် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်မှာရှိတဲ့ ရှေးဟောင်းစာပေနဲ့ ယဉ်ကျေးမှုရုံးရဲ့ အကြံပြုချက်နှင့် မြန်မာနိုင်ငံသမိုင်းကော်မရှင်ရဲ့ အကြံပေးချက်အရလည်းကောင်း၊ ၁၉၇၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် တိုင်းရင်းသားလူမျိုးစုရေးရာ ညှိနှိုင်းပေးချက်အရလည်းကောင်း၊ လူမျိုးစာရင်းကိုပြုစုပြီးတော့မှ ၁၉၇၃ ခုနှစ်၊ လူဦးရေသန်းခေါင်စာရင်းတွင် အသုံးပြုခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါသန်းခေါင်စာရင်းတွင်လည်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင် ရိုဟင်ဂျာလူမျိုးမပါရှိကြောင်း တွေ့ရပါတယ်။ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင်လည်းပဲ အဆိုပါလူမျိုးစာရင်းကိုအခြေခံပြီးတော့မှ ကောက်ယူခဲ့ခြင်းဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် မြန်မာပြည်သားရေးသားထားတဲ့ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး နေထိုင်ရာ တို့ပြည်ထောင်စုသမ္မတနိုင်ငံဆောင်းပါးတွင်လည်းပဲ

တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးအမည်စာရင်းကို လုပ်သားပြည်သူများသိအောင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံပိုင်မီဒီယာများ၊ ပုဂ္ဂလိကထုတ်ဝေတဲ့မီဒီယာများမှာလည်းပဲ ရိုဟင်ဂျာဆိုတဲ့ လူမျိုးအမည်ကို ထည့်သွင်းအသုံးမပြုဘဲနဲ့ ရိုဟင်ဂျာလူမျိုးသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုး စာရင်းတွင် မပါဝင်ကြောင်း ကြိမ်ဖန်များစွာ ကျွန်တော်တို့ ဖော်ပြပြီးလည်းဖြစ်ပါတယ်။ ဖော်ပြဆဲလည်း ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အကြီးအကဲများရဲ့ မိန့်ခွန်းများ၊ သဝဏ်လွှာများတွင်လည်းပဲ ရိုဟင်ဂျာ ဆိုတဲ့အသုံးအနှုန်းကို ထည့်သွင်းသုံးနှုန်းဖော်ပြခြင်းမပြုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံ အသီးသီးမှာရှိတဲ့ မြန်မာသံရုံးဝန်ထမ်းများ၊ သံအမတ်ကြီးများ၊ UN အဖွဲ့အစည်းများမှာရှိတဲ့ မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ကြီးများကလည်းပဲ ၎င်းအသုံးအနှုန်းကို အသိအမှတ် မပြုဘဲနဲ့ ထိုသို့သုံးစွဲလာတဲ့ အခြားသောကိုယ်စားလှယ်များကိုလည်းပဲ အစည်းအဝေးများမှာ တရားဝင်သုံးစွဲခေါ်ဆိုလာပါကလည်းပဲ တရားဝင်ကန့်ကွက်ခြင်း၊ ဆန့်ကျင်ခြင်း၊ ထောက်ပြခြင်းများ ကိုလည်းပဲ စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိပါတယ်။

ဒါတင်မကသေးပါဘူး။ အာဆီယံအစည်းအဝေးများ၊ ကမ္ဘာ့နိုင်ငံများနှင့် UN အဖွဲ့အစည်း INGO များက ပြုလုပ်တဲ့ နိုင်ငံတကာအစည်းအဝေးများကို သွားရောက်တဲ့အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကိုတက်ရောက်တဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနအသီးသီးမှ အဆင့်ဆင့်သောဝန်ထမ်းများ ကလည်းပဲ ၎င်းကိစ္စနှင့်ပတ်သက်၍လည်း အလားတူ စဉ်ဆက်မပြတ် တုံ့ပြန်ပြောကြားလျက်ရှိပါတယ်။ ထိုကဲ့သို့ဆောင်ရွက်ချက်များသည် မြန်မာတိုင်းရင်းသား လူမျိုးများအနွယ်စုများမှာ ရိုဟင်ဂျာမျိုးရိုး မပါရှိကြောင်း ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းအသီးသီးများသိရှိအောင် လုပ်ဆောင်နေခြင်းပဲ ဖြစ်ပါ တယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားအကျိုးစီးပွား၊ တိုင်းရင်းသားလူမျိုးများ အားလုံးရဲ့ ရေရှည် အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်လျက်ရှိပါတယ်။ ရေရှည်အတွက်စဉ်းစားပြီးတော့မှ ကျယ်ပြန့်သော အမြင်များနဲ့၊ မှန်ကန်သောလုပ်ဆောင်ချက်များနှင့် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ခံစားချက်(Emotion)နဲ့ စကားလုံးတစ်လုံးတစ်လုံးဖြင့် တုံ့ပြန်ခြင်းထက် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်အညီ တည်တည်ငြိမ်ငြိမ်၊ ဂုဏ်သိက္ခာရှိရှိ၊ ဉာဏ်အမြော်အမြင် (Wisdom)နဲ့ ဆင်ခြင်တုံတရားကို အလေးအနက်ထားပြီးတော့မှ ထိရောက်တဲ့တုံ့ပြန်မှုများနဲ့ တုံ့ပြန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဝန်ကြီးဌာနအနေနဲ့လည်းပဲ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းမှကောက်ယူရရှိတဲ့ လူမျိုးစုစာရင်း များမှာ တိုင်းရင်းသားလူမျိုးများ ဖွဲ့စည်းပါဝင်မှု၊ တိုင်းရင်းသားလူမျိုးစုငယ်များ ပါဝင်မှု၊ စာလုံးပေါင်း သတ်ပုံ အမည်နာမအသစ် တိုင်းရင်းသားဖြစ်ခြင်း/မဖြစ်ခြင်း စတဲ့ကိစ္စရပ်များတွင် အငြင်းပွားဖွယ်ရာ ရှိနေသဖြင့် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ပြီးမှသာလျှင် ထုတ်ပြန်သွားဖို့ လျာထားပါတယ်။ ဆွေးနွေးညှိနှိုင်း မှုများပြုလုပ်ရာတွင်လည်း ပြည်ထောင်စုအစိုးရရဲ့ လမ်းညွှန်ချက်နဲ့ တိုင်းရင်းသားရေးရာကော်မတီဝင် များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ သမိုင်းပညာရှင်များနှင့် လူဦးရေပညာရှင်၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ

အပါအဝင် အဆင့်ဆင့်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီးတော့မှ ညှိနှိုင်းသဘောတူညီချက်ရရှိချိန်တွင် တိုင်းရင်းသားလူမျိုးများစာရင်းကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဆောက်လုပ်ရေးလုပ်ငန်းများ၊ သင်္ဘောကျင်းများ၊ စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင်ဝင်ရောက်မည့် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Safety Course သင်တန်းများ ပို့ချပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် ပါ။ ကျွန်တော့်အနေနဲ့ နိုင်ငံ တစ်ဝန်းမှ ကာယဉာဏလုပ်သားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာပါ။ လုပ်ငန်းခွင်ဝင်ရောက်ကြမယ့် ကာယ၊ ဉာဏလုပ်သားများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဟာ အရေးကြီးလှပါတယ်။ လုပ်ငန်းခွင်မတော်တဆမှုများ ကြောင့် အသက်ဆုံးရှုံးခြင်း၊ ကိုယ်လက်အင်္ဂါချို့တဲ့ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း စတဲ့ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သလို နိုင်ငံ့အတွက်လည်း ကုန်ထုတ်လုပ်မှုထိခိုက်စေတယ်။ လျော်ကြေး၊ နစ်နာကြေးစတဲ့ဆိုးကျိုးတွေလည်း ဖြစ်ပေါ်စေပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ မတော်တဆမှုပေါင်း ၇၁ မှု ဖြစ်ပွားခဲ့ရာမှာ ၂၀ ဦးသေဆုံးပြီးတော့ ၃၇ ဦးဟာ ဒဏ်ရာပြင်းထန်တယ်လို့ ဆိုပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ မတော်တဆမှု ၁၂၃ မှုမှာ ၁၆ ဦးသေဆုံးပြီးတော့ ၇၄ ဦးဟာ ဒဏ်ရာပြင်းထန်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဩဂုတ်လအထိကတော့ မတော်တဆမှု ၈၁ မှုမှာ ၁၅ ဦး သေဆုံးပြီးတော့ ၃၆ ဦးဒဏ်ရာပြင်းထန်တယ်လို့ ဆိုခဲ့ပါတယ်။ ဒါကြောင့် ဆောက်လုပ်ရေးလုပ်ငန်း များ၊ သင်္ဘောကျင်းများ၊ စက်ရုံအလုပ်ရုံများမှာ လုပ်ငန်းခွင်ဝင်ရောက်ကြမယ့် ကာယ၊ ဉာဏလုပ်သား များအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းများတက်ရောက်စေရေး၊ သင်တန်းဆင်း လက်မှတ်များရရှိပြီးမှ လုပ်ငန်းခွင်ဝင်ရောက်ပါက လုပ်ငန်းခွင်ဘေးအန္တရာယ်များ လျော့ပါးသွားစေ နိုင်မှာပါ။ ဒီလိုဆောင်ရွက်ကြရာမှာ အလုပ်ရှင်၊ အလုပ်သမားနှင့် ဝန်ကြီးဌာန ပူးပေါင်းဆောင်ရွက် ကြမှ ပိုပြီးတော့ ထိရောက်အောင်မြင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းခွင်ဘေးအန္တရာယ်လုံခြုံစိတ်ချရမှုအတွက် လုပ်ငန်းရှင်ဘက်မှ လုပ်ငန်းခွင်ဝတ်စုံ၊ Helmet, Saving Shoes, မျက်နှာမှန်ကာ၊ မျက်မှန်၊ နားကြပ်၊ နှာခေါင်းစည်း၊ လက်အိတ်စတဲ့ အန္တရာယ်ကင်းရှင်းရေးပစ္စည်းများ ပံ့ပိုးပေးခြင်း၊ လုပ်ဆောင်မယ့် လုပ်ငန်းစဉ်နှင့်ပတ်သက်တဲ့ စက်ရုံများ၊ လုပ်ငန်းခွင်များ၊ ယန္တရားပစ္စည်းကိရိယာများဟာ တိကျတဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကာကွယ်မှုများ လုပ်ဆောင်ပေးရန်စတာတို့ဟာ လိုအပ်ပါတယ်။ ဒီလုပ်ငန်းစဉ်အတွက် စိန်ခေါ်မှုများလည်းရှိနေကြောင်း သိရပါတယ်။ ဒီနေ့ဒီအချိန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ ကုန်ထုတ်

လုပ်ငန်းများ တိုးတက်များပြားလာပြီးတော့ ကျွမ်းကျင်လုပ်သားလိုအပ်မှုနှင့်အတူ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်ဟာလည်း ကျဲကူးရေပါ လိုအပ်လာပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့မေးမြန်းလိုတဲ့မေးခွန်းကတော့ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သင်္ဘောကျင်းများ၊ စက်ရုံအလုပ်ရုံများမှာ လုပ်ငန်းခွင်ဝင်ရောက်ကြမယ့် အလုပ်သမားများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် Safety Course သင်တန်းများကို တိုင်းနှင့်ပြည်နယ်လိုက်ပို့ချ၍ သင်တန်းဆင်း လက်မှတ်များ ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြား ရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့မှ ကျွန်တော်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနဟာ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများမှာ ရှိတဲ့အလုပ်သမားများအတွက် ဥပဒေပါရပိုင်ခွင့်များကို မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝခံစားနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ကြဉ်းပေးရေး ဆိုတဲ့ရည်မှန်းချက်ချမှတ်ပြီးတော့မှ အလုပ်သမားများကို ကာကွယ်စောင့်ရှောက်မှုများပေးလျက် ရှိပါတယ်။ အလုပ်သမားများရဲ့ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်ပတ်သက်ပြီးတော့မှ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့် ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေများအရ စည်းကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေမှာ ဆောက်လုပ်ရေး လုပ်ငန်းများ၊ သင်္ဘောကျင်းလုပ်ငန်းများဟာ အကျုံးဝင်မှုမရှိသေးပါဘူး။ စက်ရုံ၊ အလုပ်ရုံ၊ ကုန်ထုတ် လုပ်ငန်းများနှင့်ပတ်သက် ပြီးတော့မှ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ ၄၃ ပုဒ်မခွဲ(က)မှာ လုပ်ငန်းခွင်ပိုင်ရှင်သည် အလုပ်သမားများ၊ ကြီးကြပ်သူများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် ကျန်းမာရေးသင်တန်းများကို လိုအပ်သလိုတက်ရောက်စေရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ကိုယ်စားလှယ်တော်ကြီးဆွေးနွေးတဲ့ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သင်္ဘောကျင်းလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံများရဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များဟာ လုပ်ငန်းအမျိုး အစားအလိုက် ကွဲပြားခြားနားမှုများ များစွာရှိနေပါတယ်။ သင်တန်းဖွင့်လှစ်မယ်ဆိုရင် သင်တန်း တစ်ခုချင်းစီရဲ့ Career Clan များ၊ နည်းပြများ စတဲ့ဟာတွေကို သီးခြားပြဋ္ဌာန်းပြီးတော့မှ စီစဉ် ဆောင်ရွက်မယ့်အနေအထားဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ဖို့ဆိုရင် လက်ရှိကျွန်တော်တို့ဝန်ကြီး ဌာနမှာရှိတဲ့ အဆိုပါများပြားတဲ့၊ ကွဲပြားတဲ့လုပ်ငန်းနယ်ပယ်များအလိုက် ကျွမ်းကျင်တဲ့ဝန်ထမ်း အင်အားအကန့်အသတ်ရှိနေပါတယ်။ အလားတူပဲ သင်တန်းအထောက်အကူပစ္စည်းများလည်းပဲ အကန့်အသတ်ရှိနေတဲ့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ ဝန်ကြီးဌာနအနေနဲ့ သင်တန်းများ

ဖွင့်လှစ်ပြီးတော့မှ သင်တန်းဆင်းလက်မှတ်များ ပေးအပ်နိုင်ခြင်းမရှိခြင်းပဲ ဖြစ်ပါတယ်။ သို့ရာတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေးအရာထမ်းများအနေနဲ့ စစ်ဆေးစည်းကြပ်ခြင်းလုပ်ငန်းများအပြင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအသိအမြင်မြှင့်တင်ရေးဟောပြောပွဲများကို စက်ရုံ၊ အလုပ်ရုံများကိုသွားရောက်ပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ အလုပ်ရုံ၊ စက်ရုံပေါင်း ၃၆၅၀ ရုံမှ အလုပ်သမားပေါင်း ၁၂၉၂၃၅ ဦးတို့ကို အသိပညာပေးဟောပြောဆွေးနွေးပို့ချနိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်းပဲ ဧပြီလကနေ ဒီဇင်ဘာလအထိ စက်ရုံ၊ အလုပ်ရုံ ၃၈၆၂ ရုံမှ အလုပ်သမား ၉၈၃၁၃ ဦးတို့ကိုလည်းပဲ ဆွေးနွေးပို့ချခဲ့ပြီး ဖြစ်ပါတယ်။ စဉ်ဆက်မပြတ်လည်းပဲ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သင်္ဘောကျင်းများ၊ စက်ရုံ၊ အလုပ်ရုံများမှာ လုပ်ငန်းခွင်ဝင်ရောက်မယ့်အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Safety Course သင်တန်းများကို ရန်ကုန်မြို့၊ သုဝဏ္ဏမြို့နယ်မှာရှိတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)မှာ ဖွင့်လှစ်ပြီးတော့မှ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ အင်ဂျင်နီယာများရဲ့ ရာထူးအဆင့်အလိုက်သင်တန်းများပြုလုပ်ကာ သင်ကြားပေးခြင်း၊ သင်တန်းဆင်းလက်မှတ်များထုတ်ပေးခြင်းတို့ကိုလည်းပဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်းပဲ ပုဂ္ဂလိကသင်တန်းများနှင့်ပူးပေါင်းပြီးတော့မှ သင်တန်းများ အခါအားလျော်စွာဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သင်္ဘောကျင်းများ၊ စက်ရုံအလုပ်ရုံများမှာ လုပ်ငန်းခွင်ဝင်ရောက်မယ့် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Safety Course သင်တန်းများကို တိုင်းနှင့်ပြည်နယ်အလိုက်ပို့ချ၍ သင်တန်းဆင်းလက်မှတ်များရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် လောလောဆယ်မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကျေးသီးမြို့နယ်တွင် လဝက ဦးစီးအရာရှိတစ်ဦးနှင့် မိုင်နောင်မြို့တွင် လဝကမှူးတစ်ဦးအား အစားထိုးခန့်အပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်(ကျေးသီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျေးသီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးသီးမြို့နယ်မှာ လစ်လပ်လျက်ရှိတဲ့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျေးသီးမြို့နယ်ဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်အတွင်းမှာပါဝင်ပြီး လူဦးရေ ၇၅၅၈၉ ဦး

ခန့်နေထိုင်လျက်ရှိပါတယ်။ ကျေးသီးမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် ဦးစီးအရာရှိတစ်ဦးနှင့် မိုင်းနောင်မြို့တွင် လဝကမှူးတစ်ဦး လစ်လပ်ရှိနေသည်မှာ တစ်နှစ်ခန့်ကြာမြင့်နေပြီဖြစ်ပါတယ်။ ကျေးသီးမြို့နယ်အတွင်းရှိ ပြည်သူလူထုများအနေနဲ့ မှတ်ပုံတင်အသစ်ပြုလုပ်ခြင်း၊ လဲလှယ်ခြင်း၊ လိုအပ်သည့်ထောက်ခံချက်များတောင်းခံခြင်း စတဲ့ကိစ္စရပ်များကိုဆောင်ရွက်ကြတဲ့အခါ သက်ဆိုင်ရာဦးစီးအရာရှိမရှိတဲ့အတွက် အခက်အခဲများဖြစ်ပေါ်နေပြီး အချိန်ကြန့်ကြာခြင်းများကို ကြုံတွေ့နေရလျက်ရှိပါတယ်။ ဒါ့အပြင် မှတ်ပုံတင်များပြုလုပ်လိုတဲ့အခါထောက်ခံလက်မှတ်ထိုးပေးနိုင်ရန်အတွက် ကျေးသီးမြို့ကနေ မိုင် ၇၀ ခန့်ဝေးတဲ့ မိုင်းရှူးမြို့သို့အထောက်အထားများကိုယူဆောင်ကာ သွားရောက်ပြီးဆောင်ရွက်နေကြရပါတယ်။ ဒီလိုဆောင်ရွက်နေကြရတဲ့အတွက် မလိုလားအပ်တဲ့ ကုန်ကျစရိတ်များ၊ အချိန်များပေးရပြီး ပြည်သူလူထုအပေါ်မှာများစွာ ဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ တစ်လပိုင်းအတွင်းကလည်း ဒီလိုလုပ်ငန်းတွေဆောင်ရွက်ဖို့အတွက် လက်ထောက် လဝကမှူးတစ်ဦး မိုင်းရှူးသွားပြီးအပြန်ခရီးမှာ ဂုင်းစီးနင်းလိုက်ပါလာတဲ့ကားဟာ လမ်းဘေးမြောင်းအတွင်းထိုးကျခဲ့လို့ ဒဏ်ရာရရှိခဲ့ပြီး ကုသနေဆဲဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် မှတ်ပုံတင်ရရှိထိုက်သူများဟာ မှတ်ပုံတင်ပြုလုပ်ရာမှာ အခက်အခဲတွေ တွေ့နေရတဲ့အတွက် ခရီးသွားလာရာမှာ အဆင်မပြေခြင်း၊ အချို့သောကျေးရွာများရှိဒေသများကို တာဝန်ရှိသူတွေက စစ်ဆေးမေးမြန်းတဲ့အခါ မှတ်ပုံတင်မပြသနိုင်တဲ့အတွက် မှားယွင်းအထင်လွဲ စွတ်စွဲခံရခြင်းများကိုလည်းပဲ ကြုံတွေ့ခံစားနေရပါတယ်။ သို့ဖြစ်ပါ၍ ကျေးသီးမြို့နယ်တွင် လစ်လပ်လျက်ရှိသောဦးစီးအရာရှိတစ်ဦးနှင့် မိုင်းနောင်မြို့တွင် လဝကတစ်ဦးအား အစားထိုးခန့်အပ်ပေးနိုင်ခြင်းရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ကာလ၌ ခန့်ထားပေးမည်ကို သိရှိလိုသည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ ကျေးသီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းအောင်ကျော်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ အမြဲတမ်းအတွင်းဝန်ရုံးအောက်မှာ ဦးစီးဌာန(၃)ခု၊ သင်တန်းကျောင်းနှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ခရိုင်မြို့နယ်ဦးစီးမှူးရုံးများဖြင့်ဖွဲ့စည်းထားပါတယ်။ မြို့နယ်ဦးစီးမှူးရုံးရဲ့ဖွဲ့စည်းပုံဟာ အရာထမ်းတစ်ဦး၊ အမှုထမ်း ၂၄ ဦး စုစုပေါင်း ၂၅ ဦးဖြစ်ပါတယ်။ သို့ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှာ ဖွဲ့စည်းပုံရဲ့ခွင့်ပြုအင်အားရဲ့ ၅၄ ရာခိုင်နှုန်းပဲရှိပါတယ်။ အဲဒီရှိတဲ့ ၅၄ ရာခိုင်နှုန်းနဲ့ လုပ်ငန်းများကို ဆောင်ရွက်နေရတာဖြစ်တဲ့အတွက် အချို့မြို့နယ်များမှာ ဖွဲ့စည်းပုံအင်အား ကျွန်တော်တို့ အပြည့်အဝ မချပေးနိုင်ခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးဆွေးနွေးသလို၊ တင်ပြသလို၊ မေးမြန်းသလို ကျွန်တော်တို့

မြို့နယ်ရုံးများမှာ ကျွန်တော်တို့ ဝန်ထမ်းများလိုအပ်နေတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအရ မြို့နယ်ဦးစီးမှူး ရုံးများအား ရှေ့တန်းရုံးအဖြစ်ပြောင်းလဲပြီးတော့မှ ဝန်ထမ်းအင်အားများကို သက်ဆိုင်ရာမြို့နယ်ဦးစီးမှူး ရုံးများမှာ ထည့်သွင်းဖွဲ့စည်းထားပြီးတော့မှ အလှည့်ကျတာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ မိုင်းနောင်မြို့ ဦးစီးရုံးဟာ ရှေ့တန်းရုံးသာဖြစ်တဲ့အတွက် ကျေးသီးမြို့နယ်ဦးစီးရုံးတွင် အင်အားမှာပါဝင်ပါတယ်။ စုစုပေါင်း လူအင်အားကိုးယောက်နဲ့ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ မြို့နယ်ဦးစီးမှူးရုံးများရဲ့ ဝန်ထမ်းဖွဲ့စည်းပုံမှာ အရာထမ်းတစ်ဦး၊ အမှုထမ်း ၂၄ ဦး စုစုပေါင်း ၂၅ ဦးဖြစ်သော်လည်းပဲ ဝန်ထမ်း ခန့်ထားတဲ့မူအရ အများဆုံး သုံးပုံတစ်ပုံသာ ခန့်ထားနိုင်ပါတယ်။ နှစ်စဉ်ပြုန်းတီးအင်အားများဖြစ်ပေါ် နေခြင်းကြောင့်လည်းကောင်း၊ သက်ဆိုင်ရာဒေသအလိုက် လုပ်ငန်းတာဝန်အနည်းအများပေါ်မူတည်ပြီး တော့ လက်ရှိအင်အားဖြင့် ချင့်ချိန်လျက် ဝန်ထမ်းများအား တာဝန်ချထားဆောင်ရွက်နေရခြင်း ဖြစ်ပါ တယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူးရုံးမှာရှိတဲ့ ဝန်ထမ်းများရဲ့ ဒေသပြောင်းရွှေ့ရေးနှင့် နေရာချထားရေးကို အရာထမ်းအဆင့်ဝန်ထမ်းစီမံခန့်ခွဲရေးကော်မတီ အမှုထမ်းအဆင့် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုကော်မတီများနှင့် စနစ်တကျ ကျွန်တော်တို့ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ကျေးသီးမြို့နယ် ဦးစီးမှူးရုံးတွင် လိုအပ်လျက်ရှိတဲ့ အရာထမ်းဝန်ထမ်း ဦးစီးအရာရှိတစ်ဦးနှင့် အမှုထမ်း ဝန်ထမ်း လူဝင်မှုကြီးကြပ်ရေးဦးစီးမှူးတစ်ဦးတို့ကို အင်အားဖြည့်တင်းပေးနိုင်ရေးကိုလည်း ကျွန်တော်တို့ ဦးစားပေးပြီးတော့မှ အမြန်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**တမူးမြို့မှ တစ်ဖက်နိုင်ငံနယ်စပ်မြို့သို့ ခုနှစ်ရက်ပတ်စပို့ သို့မဟုတ် နေ့ချင်းပြန်ပတ်စပို့ဖြင့် တရားဝင် ကူးသန်းသွားလာခွင့်ရရှိရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် မှာရှိတဲ့ မြန်မာ-အိန္ဒိယ နယ်စပ် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်တဲ့ တမူးမြို့မှ တစ်ဖက်နိုင်ငံနယ်စပ်မြို့သို့ ခုနစ်ရက် သို့မဟုတ် နေ့ချင်းပြန် ပတ်စပို့ဖြင့် တရားဝင်ကူးသန်းသွားလာခွင့်ရရှိစေရန် မည်သို့စီစဉ် ဆောင်ရွက်ပေးမည်ကို သိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးမြို့နယ်ဟာ မြန်မာနိုင်ငံရဲ့ အနောက်မြောက်ဒေသ စီးပွားရေးတခါးပေါက်မြို့တစ်မြို့ဖြစ်ပါတယ်။ ကမ္ဘာ့စားသုံးသူ အကြီးမားဆုံး ဈေးကွက်တစ်ခုဖြစ်တဲ့ အိန္ဒိယနိုင်ငံနှင့် အများဆုံးကုန်သွယ်မှုပြုနေသော နယ်စပ်မြို့လည်း ဖြစ်ပါတယ်။ မြို့နယ်အတွင်း နယ်မြေအေးချမ်းသာယာပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့လည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုမိုရှင်းလင်းစွာတင်ပြနိုင်ဖို့ Power Point ဖြင့် တင်ပြခွင့်ပြု ပါခင်ဗျား။ ဒီပုံကတော့ ကျွန်တော်တို့ အိန္ဒိယ-မြန်မာနယ်စပ် နယ်နိမိတ်မျဉ်းပေါ်မှာတည်ရှိတဲ့တံတားပါ။ အဝါရောင်ဘက်ခြမ်းဟာ ကျွန်တော်တို့ မြန်မာအပိုင်ဖြစ်ပါတယ်။ အဲဒီတံတားဟာ တစ်ဝက်စီပိုင်ပါတယ်

ခင်ဗျား။ ဒီဟာကတော့ ကျွန်တော်တို့ အဲဒီတံတားမှာပဲ ကျွန်တော်တို့ မြန်မာဘက်ခြမ်းမှာတည်ရှိတဲ့ အမှတ်(၁)ဂိတ် ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အိန္ဒိယပိုင်နက်ထဲမှာရှိတဲ့ နံပါတ်(၂) ဂိတ်ဖြစ်ပါတယ်။ ဒီအဆောက်အဦလေးကတော့ ကျွန်တော်တို့မြန်မာဘက်ကပိုင်တဲ့ ဂိတ်(၂)အဆောက်အဦပါ။ ခုနက ကျွန်တော်တင်ပြတဲ့ဟာနဲ့ ဒီဟာနဲ့ လမ်းတစ်ဆက်တည်းဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တစ်ဖက်နိုင်ငံကနေ အိန္ဒိယနိုင်ငံသားတွေဟာ ကျွန်တော်တို့မြန်မာနိုင်ငံကို လာရောက်မယ်ဆိုရင် အဲဒီဂိတ်လေးမှာ ကျွန်တော်တို့ ဂိတ် Pass ဖြတ်ပါတယ်။ အိန္ဒိယငွေ ၁၀ ရူပီ ကောက်ခံပါတယ်။ မနက် ၆ နာရီကနေ ညနေ ၆ နာရီအတွင်း ခွင့်ပြုထားပါတယ်။ အိန္ဒိယနိုင်ငံသားတွေကနေ Identity Card ဒါမှမဟုတ်ရင် မဲပေးကဒ်တစ်ခုခု လက်ခံရယူထားပါတယ်။ ပြီးရင် ကျွန်တော်တို့ အဲဒီဘေးမှာ ပြထားတဲ့ ဖြတ်ပိုင်းလေးကို ကျွန်တော်တို့ပေးပါတယ်။ ဒါကတော့ ခုနကျွန်တော်တင်ပြခဲ့တဲ့ နံပါတ်(၂) ဂိတ်ရဲ့အဝင်ပါ။ အဲဒီမှာ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ တစ်ဖက်အိန္ဒိယနိုင်ငံကိုသွားရင်တော့ အဲဒီဂိတ်မှာ ကျွန်တော်တို့က မှတ်ပုံတင်ကဒ်လေးတွေ ထားရပါတယ်။ အမည်စာရင်းပေးတယ်။ သူတို့ လက်ခံရေးထားတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို တရားဝင်အထောက်အထား ဘာတစ်ခုမှတော့ ပေးအပ်ခြင်းမရှိပါဘူး။ ကျွန်တော်တို့ ဒီလို တရားမဝင်သွားရောက်နေတဲ့အတွက် တစ်ဖက်နိုင်ငံမှာ နယ်မြေမအေးချမ်းမှုဖြစ်လျှင် ကျွန်တော်တို့ နိုင်ငံမှ တရားမဝင်ဖြတ်သန်းသွားလာသူတွေအတွက် အာမခံချက်နဲ့ လုံခြုံမှုတွေမှာ ထိခိုက်မှုတွေ၊ အားနည်းမှုတွေဖြစ်စေပါတယ်။ ပြဿနာမျိုးစုံဖြစ်စေပါတယ်။ ဒီလိုဖြစ်စဉ်တွေကြုံတွေ့နေရတဲ့ ကျွန်တော်တို့နိုင်ငံသားတွေဟာ လူတစ်ဦးချင်းလွတ်လပ်မှု၊ လုံခြုံမှုကိုပေးတဲ့ တရားဝင်ကူးသန်းသွားလာခွင့်ကိုပဲ ရချင်တာပါ။ သို့ပေမဲ့ အခုအချိန်မှာတော့ စီးပွားရေးအရ ကူးလူးဆက်ဆံနေရလို့ မသွားဘဲလည်း မနေနိုင်ကြပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်တင်ပြထားတဲ့ပုံကတော့ Main Arterial Road 22 High Way လမ်းကြီးပဲဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တမူးနဲ့မူဆယ်ကို ချိတ်ဆက်ထားတဲ့ အနီရောင်နဲ့ ပြထားတဲ့ ကန့်လန့်ဖြတ်လမ်းကြောင်းက တမူး-စစ်တောင်း-ပင်လယ်ဘူး-ထီးချိုင့်-မန်ဝင်းလေး-စက်ဝန်း-ခတောင်း-မံစီ-နမ့်ခမ်း-မူဆယ်လမ်းကြီး ဖြစ်ပါတယ်။ ၃၄၈.၇၅ မိုင်ပဲ ဝေးပါတယ်။ လူဦးရေသန်းပေါင်း ၁၃၄၇ သန်းကျော်ရှိတဲ့ အိန္ဒိယနိုင်ငံနဲ့ လူဦးရေသန်းပေါင်း ၁၄၁၂ သန်းကျော်ရှိတဲ့ တရုတ်နိုင်ငံကို အတိုဆုံးလမ်းနဲ့ ချိတ်ဆက်ပေးနိုင်မှာပါ။ ဒီလမ်းမကြီးသာ တည်ဆောက်ပြီးစီးသွားမယ်ဆိုရင်တော့ ကမ္ဘာ့အကြီးဆုံးဈေးကွက်ကြီးဖြစ်တဲ့ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံကို အနီးဆုံးဆက်သွယ်ပေးမယ့် လမ်းတစ်လမ်းဖြစ်မှာပါ။ အဲဒီလမ်းရဲ့ အဝင်/အထွက်ပေါက်က တမူးမြို့ဖြစ်နေပါတယ်။ ဒါကြောင့် မကြာခင် အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ အရေးအပါဆုံးဖြစ်လာမယ့် နယ်စပ်ဒေသ တမူးမြို့နယ်မှာ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ တရားဝင်ကူးသန်းသွားလာခွင့်ရဖို့ ကြိုတင်လုပ်ဆောင်ဖို့ လိုနေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံတမူးမြို့နယ်မှ တဖက်နိုင်ငံနယ်စပ်မြို့သို့ ခုနစ်ရက် သို့မဟုတ် နေ့ချင်းပြန် ပတ်စပို့ဖြင့် တရားဝင်ကူးသန်းသွားလာခွင့်ရရှိစေရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အိန္ဒိယ- မြန်မာနိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုရန် ညှိနှိုင်းထားဆဲ အနေအထားဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား တရားဝင်နယ်စပ်ဖြတ်သန်းခွင့် စာချုပ်ချုပ်ဆိုခြင်းမပြုနိုင်တဲ့ကာလအတွင်းမှာ နှစ်နိုင်ငံနယ်စပ်ဒေသမှာ နေထိုင်သူများ ဝင်ထွက်မှုလွယ်ကူနိုင်ဖို့ တမူး-မိုးရေးဝင်ထွက်ပေါက်နှင့် ရိဒ်(ခေါ်)ဇို(ခေါ်) မီဇိုရမ်ဝင်/ထွက်ပေါက်များမှ ဒေသအာဏာပိုင်များနှင့်ညှိနှိုင်းပြီးတော့မှ ဖွင့်လှစ်ထားခြင်းဖြစ်ပါတယ်။ နိုင်ငံသားများ နေ့ချင်းပြန် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များဖြင့် ယာယီဝင်/ထွက်သွားလာခွင့်ပြုလျက်ရှိခြင်းဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ် တမူး မိုးရေးဝင်ထွက်ပေါက်မှ နိုင်ငံကူးလက်မှတ်ပြည်ဝင်ဗီဇာနှင့် ဝင်ရောက်လိုသူများကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခွင့်ပြုချက်တောင်းခံရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ခွင့်ပြုချက်ရရှိပါက ကျွန်တော်တို့ဝန်ကြီးဌာနမှ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါတယ်။ အဆိုပါ ညှိနှိုင်းဆဲဖြစ်တဲ့ မြန်မာ-အိန္ဒိယ သဘောတူစာချုပ်ကို ချုပ်ဆိုပြီးမယ်ဆိုရင်တော့ စာချုပ်ပါအတိုင်း နယ်စပ်ဝင်ထွက်ပေါက်များမှ သတ်မှတ်ပြီးတော့မှ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် အသုံးပြုမှုစနစ်နဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတောင်းဆိုတဲ့ ခွင့်ပြုချက်များကို ခွင့်ပြုပေးနိုင်မှာဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက်ကို နယ်စပ်ဒေသများမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများဖွင့်လှစ်ပြီးတော့မှ ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့ခြင်း၊ တင်သွင်းခြင်းများကိုလည်းပဲ ပို့ကုန်/သွင်းကုန်လိုင်စင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်တော်တို့ခွင့်ပြုပေးလျက်ရှိပါတယ်။ ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များကိုလည်းပဲ One Stop Service အဖွဲ့ခြောက်ဖွဲ့နဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ လူဝင်မှုကြီးကြပ်ရေးဌာနစု တမူးမှာရှိတဲ့ နယ်စပ်ကင်းစခန်းသုံးခုမှ ဝင်/ထွက်သွားလာမှုများကို စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှ သွားရောက်သူများဟာ သက်ဆိုင်ရာအထောက်အထားလက်မှတ်များနှင့် အိန္ဒိယနိုင်ငံမိုးရေးသို့ နေ့ချင်းပြန်သွားရောက်ခွင့်ရှိပြီးတော့မှ အိန္ဒိယဘက်မှ လာရောက်သူများကိုလည်းပဲ အထောက်အထားလက်မှတ်များဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံ တမူးမြို့အတွင်းသို့ လူများ၊ ကားများကို နေ့ချင်းပြန် ဝင်ထွက်ခွင့်ပြုလျက်ရှိပါတယ်။ သက်တမ်းရှိတဲ့ နိုင်ငံကူးလက်မှတ်နဲ့ ပြည်ဝင်ဗီဇာရှိသူများကိုလည်းပဲ နိုင်ငံတော်သမ္မတရုံးရဲ့ခွင့်ပြုချက်နဲ့ ဝင်ထွက်မှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်အထက်ကတင်ပြခဲ့တဲ့အတိုင်း မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံနယ်စပ် သွားလာရေးသဘောတူစာချုပ်

ချုပ်ဆိုပြီးမယ်ဆိုရင်တော့ နိုင်ငံတော်အဆင့် လက်မှတ်ရေးထိုးပြီးမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ကူးသန်းသွားလာချင်တဲ့ပုဂ္ဂိုလ်တွေကို ၁၃ ညအိပ် ၁၄ ရက် ဒါမှမဟုတ် ၆ ညအိပ် ၇ ရက် ခွင့်ပြုပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ MOU ရေးထိုးနိုင်ရေးအတွက်ကိုလည်းပဲ ကျွန်တော်တို့ နောက်ဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ တမူးမြို့နယ်မှာရှိတဲ့ မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်ရေးစခန်းဖြစ်တဲ့ တမူးမြို့နယ်မှ တစ်ဖက်နိုင်ငံနယ်စပ်မြို့သို့ ခုနစ်ရက်ပတ်စပို့ သို့မဟုတ် နေ့ချင်းပြန် ပတ်စပို့ဖြင့် တရားဝင်ကူးသန်းသွားလာခွင့်ပြုနိုင်ရေးအတွက် မြန်မာနှင့်အိန္ဒိယနိုင်ငံကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ စာချုပ်ချုပ်ဆိုပြီးပါက နယ်စပ်ဝင်ထွက်ပေါက်များမှတစ်ဆင့် တရားဝင်သတ်မှတ်ပြီးတော့မှ နှစ်နိုင်ငံ နိုင်ငံသားများအား နယ်စပ်ဖြတ်သန်းသွားလာခွင့်လက်မှတ်များဖြင့် တရားဝင်ကူးသန်းသွားလာခွင့်ရှိမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်က တင်သွင်းသည့် အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြရသော မြန်မာနိုင်ငံသားများသည် ပြည်ပနိုင်ငံများ၏ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မူဝါဒများနှင့် အခြားသောအကြောင်းရပ်တို့ကြောင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိနေသဖြင့် ၎င်းတို့ဆက်လက်ရပ်တည်နိုင်ရေးနှင့် နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာကြပါက ထိရောက်သော ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သင့်လျော်သည့်မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရယ်မဲဆန္ဒနယ်က ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ (၂၆-၁၀-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြရသော မြန်မာနိုင်ငံသားများသည် ပြည်ပနိုင်ငံများ၏ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မူဝါဒများနှင့် အခြားသော အကြောင်းရပ်တို့ကြောင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိနေသဖြင့် ၎င်းတို့ဆက်လက်ရပ်တည်နိုင်ရေးနှင့် နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာကြပါက ထိရောက်သော ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သင့်လျော်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်

ကိုယ်စားလှယ်ခုနစ်ဦးရှိပါတယ်။ ပထမဦးစွာ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဒီအဆိုက ကြာတော့ကြာခဲ့ပါပြီ။ လွန်ခဲ့တဲ့ အောက်တိုဘာလကတည်းက တင်သွင်းထားတဲ့အဆိုဖြစ်ပါတယ်။ အဆိုရှင်က အကြောင်းအမျိုးမျိုးနဲ့ နိုင်ငံပြင်ပကို သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံသားတွေဖြစ်တဲ့ နိုင်ငံပြင်ပရောက် ရွှေ့ပြောင်းအလုပ်သမားတွေကို ထိထိရောက်ရောက်ကူညီစောင့်ရှောက်ပေးနိုင်ဖို့အတွက် တိုက်တွန်းထားတဲ့အဆိုဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့်ဆိုတဲ့နေရာမှာ နိုင်ငံရေးအခြေအနေ၊ ပြည်တွင်းပဋိပက္ခအခြေအနေ၊ စီးပွားရေးအခြေအနေများကြောင့် အလုပ်အကိုင်ရှားပါးခြင်း၊ လုံခြုံစိတ်ချမှုမရှိခြင်း၊ ပညာသင်ယူနိုင်ရန်အခွင့်အလမ်းနည်းပါးခြင်း၊ နေထိုင်စားသောက်ရန် ပိုမိုခက်ခဲလာခြင်းတို့အပြင် ယင်းအားနည်းချက်တွေကို အခွင့်ကောင်းယူပြီး လူကုန်ကူးမှုတွေကြောင့်လည်း နိုင်ငံပြင်ပထွက်ခွာမှုများဖြစ်ပေါ်လာခြင်းတို့လည်း ပါဝင်ပါတယ်။ နေရပ်စွန့်ခွာခြင်းအကြောင်းတရားများကို ကုစားခြင်းဖြင့်လည်း ကူညီဆောင်ရွက်နိုင်ပါတယ်။ လတ်တလောအနေဖြင့် နိုင်ငံတော်အစိုးရက နိုင်ငံတွင်းပြန်မလာနိုင်သေးတဲ့လူတွေအတွက် ကူညီဆောင်ရွက်ခြင်းနဲ့ နိုင်ငံတွင်းပြန်လာသူတွေအတွက် ကူညီဆောင်ရွက်ခြင်းအချို့ကို ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ဒါပေမဲ့လည်း လိုအပ်ချက်တွေကတော့ ရှိနေဆဲပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံပြင်ပထွက်ခွာရာမှာ အထောက်အထားအပြည့်အစုံနဲ့ ထွက်ခွာသူများရှိသလို တရားမဝင်ထွက်ခွာသူများလည်း ရှိကြပါတယ်။ အထူးသဖြင့် ပြည်နယ်ရှိကျေးလက်နေတိုင်းရင်းသားက အများစုဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ဝင်ငွေရှာပေးနေကြသူတွေဖြစ်လို့ ပြီးခဲ့တဲ့အစိုးရလက်ထက်ကလည်း နိုင်ငံပြင်ပထွက်ခွာတဲ့သူတွေကို မြန်မာနိုင်ငံသံရုံးများကတစ်ဆင့် တရားဝင်နေထိုင်နိုင်ရေးအတွက် တစ်ဖက်နိုင်ငံက တာဝန်ရှိသူများနဲ့ညှိနှိုင်းပြီး အကူအညီများပေးနိုင်ခဲ့ပါတယ်။ သို့သော်လည်း လွန်ခဲ့တဲ့ ခြောက်လ၊ ခုနစ်လခန့်က အိမ်နီးချင်းနိုင်ငံများက မူဝါဒအပြောင်းအလဲတွေကျင့်သုံးပြီး တရားဝင်ရော၊ တရားမဝင်ရော ရွှေ့ပြောင်းအလုပ်သမားတော်တော်များများကို လက်ခံနေထိုင်ခွင့်၊ အလုပ်လုပ်ခွင့်တွေ မပေးတော့တာကို ခံခဲ့ကြရပါတယ်။ ဘယ်လိုအကြောင်းတွေကြောင့်ဖြစ်စေ ပြည်ပမှာသွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေသည် ပြည်ပနိုင်ငံတွေရဲ့ မူဝါဒအပြောင်းအလဲတွေကြောင့် ဆက်လက်နေထိုင်ခွင့်မရနိုင်ကြတော့ဘူးဆိုလို့ရှိရင် တွေ့ကြုံလာနိုင်တဲ့ ဘဝရပ်တည်ရေးအခက်အခဲတွေက များစွာကြုံကြရတာဖြစ်ပါတယ်။ အမှန်တကယ်အလုပ်လုပ်ပြီး လုပ်အားခလစာမရကြတဲ့သူတွေ၊ အလုပ်ရပ်စဲခံရပြီး နစ်နာကြေးမရကြတဲ့သူတွေ အများကြီးရှိခဲ့ဖူးပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဖြစ်ပေါ်လာနိုင်တဲ့အခက်အခဲတွေကို အတွေ့အကြုံတွေကနေတစ်ဆင့် သင်ခန်းစာယူပြီး ထိထိ

ရောက်ရောက်ကူညီပေးနိုင်ဖို့ မူဝါဒရှိထားဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ နိုင်ငံတကာက လုပ်ထုံးလုပ်နည်းတွေကိုလည်း ယူသင့်ကယူကြရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ နိုင်ငံတွင်းကို ပြန်လာသူတွေ အများအပြားရှိခဲ့ပေမဲ့ ပြည်ပနိုင်ငံကို ထွက်ခွာအလုပ်လုပ်သူတွေက ရှိလျက်ရှိနေဆဲပဲဖြစ်ပါတယ်။ သွားရောက်အလုပ်လုပ်ကြတဲ့ ပြည်ပနိုင်ငံတွေမှာ မူဝါဒအပြောင်းအလဲတွေ ရုတ်တရက်ထပ်မပြောင်းဘူးလို့ မပြောနိုင်ပါ။ ကမ္ဘာ့အင်အားကြီး အမေရိကန်လို နိုင်ငံမျိုးတောင် ပြည်တွင်းကို ဝင်လာသူတွေအပေါ်မှာ မူဝါဒအပြောင်းအလဲတွေနဲ့ ကန့်သတ်လက်ခံနေတာဖြစ်ပါတယ်။ ထပ်မံကြုံတွေ့လာနိုင်တဲ့ ပြည်ပရောက် နိုင်ငံသားတွေရဲ့အခက်အခဲတွေကို အလျင်အမြန်အကူအညီပေးနိုင်ဖို့၊ ထိရောက်တဲ့ကူညီမှုတွေ ဖြစ်စေဖို့၊ နိုင်ငံတော်အစိုးရအနေနဲ့ တိကျခိုင်မာတဲ့မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ ချမှတ်ဖို့ လိုအပ်နေဆဲပဲဖြစ်ပါတယ်။ နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုတွေကြောင့်၊ ဖြေလျှော့မှုတွေကြောင့် သက်သောင့်သက်သာအခြေအနေတစ်ခုကို ရောက်ခဲ့တယ်ဆိုပေမဲ့ ရေရှည်မှာ ဘယ်လိုအခက်အခဲမျိုးတွေ ထပ်မံကြုံတွေ့ကြရအုံးမလဲဆိုတာ မှန်းဆလို့မရနိုင်သေးတဲ့ အနေအထားမှာရှိပါတယ်။ နိုင်ငံတွင်းကို ပြန်လာကြပြန်တော့လည်း အလုပ်အကိုင်ရှားပါးမှု၊ ပညာသင်ကြားနိုင်မှု၊ အခွင့်အလမ်းနည်းပါးမှုတွေက ရှိနေဆဲပဲဖြစ်ပါတယ်။ အထူးသဖြင့် နှစ်လကြာရှည်စွာ နေရပ်စွန့်ခွာသွားကြသူများအတွက် သူတို့ရဲ့ မူလနေထိုင်ရာအရပ်ဒေသမှာ အိမ်ထောင်စုစာရင်းများမရှိနိုင်တော့ခြင်း၊ မူလနေထိုင်ရာဒေသကျေးရွာများပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်း၊ ကျေးရွာများစုစည်းလိုက်ခြင်းများကြောင့် အိုးမဲ့၊ အိမ်မဲ့ မြေယာမဲ့ဘဝများ ရောက်ရှိသွားခြင်းတို့အတွက် နိုင်ငံတော်အစိုးရရဲ့ကူညီစောင့်ရှောက်မှုကို တောင့်တလျက်ရှိကြပါတယ်။ သူတို့ပြောင်းရွှေ့သွားတဲ့ ရွာအချို့ မြေပြင်မှာမရှိတော့ပေမဲ့ အမည်မဖျက်သိမ်းသေးဘဲ ကျွန်တော်တို့ ရှမ်းပြည်နယ်က မြို့နယ်တိုင်းလိုလိုမှာ ရှိနေတာဟာ သက်သေသာဓကတစ်ခုဖြစ်ပါတယ်။ လက်ရှိတည်ဆဲဥပဒေတွေအရ ပြန်လည်စိစစ်ပြီး မိမိနေရပ်ကို ပြန်လာတဲ့ နေရပ်စွန့်ခွာသွားသူများအတွက် ပြန်လည်နေထိုင်နိုင်တဲ့အခွင့်အလမ်းကို ဖော်ဆောင်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာကတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်စေရန် ပြန်လည်ထူထောင်ရေးဦးစီးဌာနတစ်ခုကို ဇန်နဝါရီလမှာ တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားအရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်မည်။ သဘာဝဘေးနှင့် လူကြောင့်ဖြစ်သောဘေးဒဏ်ခံရသူများကို ပြန်လည်ထူထောင်မှုပေးခြင်းဖြင့် လူ့ဂုဏ်သိက္ခာနှင့်ပြည့်စုံသော လူမှုအသိုင်းအဝန်းဖြစ်ပေါ်ရေးစတဲ့ မူဝါဒတွေချမှတ်ထားပါတယ်။ သို့သော် ပြည်ပနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများကိစ္စနှင့် နိုင်ငံတွင်းပြန်လာတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကိစ္စကို ဘယ်သို့ဘယ်ပုံကူညီဆောင်ရွက်မယ်ဆိုတာတွေကိုတော့ တိတိကျကျမကြားသိရသေးပါ။ မိမိတို့နေရပ်ထံပြန်လည်ဝင်ရောက်လာသူများကို လူသားချင်းစာနာထောက်ထားခြင်းဖြင့် နယ်စပ်ဒေသရှိမြို့များ ပြန်လာရာလမ်းတစ်လျှောက်ရှိမြို့နယ်များက သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးရဲ့အကူအညီများလိုအပ်ပါတယ်။ ကူညီစောင့်ရှောက်ပေးနိုင်မယ့်အစီအစဉ်ကို မူဝါဒချပြီး လုပ်ငန်းစဉ်များပြဋ္ဌာန်းပေးမှသာ ဌာနဆိုင်ရာဝန်ထမ်းများကလည်း ပိုမိုထိရောက်သောအကူအညီများပေးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ယခင်

နှစ်ပေါင်းများစွာကတည်းက နေရပ်စွန့်ခွာပြီး ပြည်ပနိုင်ငံရောက်သွားကြရတဲ့ ရွှေ့ပြောင်းအလုပ်သမားများရဲ့ဘဝ ဆက်လက်ရပ်တည်နိုင်ရေး၊ လုံခြုံရေး၊ ပြန်လည်ထူထောင်ပေးရေးတို့အတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်သောအကူအညီများ၊ စောင့်ရှောက်မှုများ ပြန်လည်နေရာချထားပေးနိုင်ရေး လိုအပ်သောမူဝါဒများချမှတ်ခြင်း၊ လိုအပ်သောဥပဒေများပြဋ္ဌာန်းခြင်းတို့ဖြင့် ကူညီစောင့်ရှောက်ပေးနိုင်ပါရန် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်တင်သွင်းတဲ့ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြရသော မြန်မာနိုင်ငံသားများသည် ပြည်ပနိုင်ငံများ၏ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မူဝါဒများနှင့် အခြားသောအကြောင်းရပ်တို့ကြောင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိနေသဖြင့် ၎င်းတို့ ဆက်လက်ရပ်တည်နိုင်ရေးနှင့် နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာကြပါက ထိရောက်သော ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သင့်လျော်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြရသော မြန်မာနိုင်ငံသားများလို့ဆိုထားတဲ့အတွက် အဲဒီအကြောင်းအမျိုးမျိုးဆိုရာတွင် မိမိနိုင်ငံအတွင်းမှာ အလုပ်အကိုင်ရှားပါးခြင်း၊ လုပ်ခလစာနည်းပါးခြင်း စတဲ့အချက်တွေဟာ အဓိကဖြစ်ပါတယ်။ အမှန်စင်စစ် မြန်မာနိုင်ငံဟာ အလုပ်အကိုင်အခွင့်အလမ်းပေါများတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းကို ကျွန်တော်သိတဲ့အခန်းကဏ္ဍကနေပြီး ဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကတော့ သတ္တုတွင်းကဏ္ဍပဲဖြစ်ပါတယ်။ အရင်ခေတ်က ထားဝယ်မှာ မိန်းကလေးတစ်ယောက် ရင်းနက်တစ်လုံးနဲ့ ခဲထွက်ကျင်လျှင် နို့ဆီခွက်တစ်လုံး ခဏလေးနဲ့ ပြည့်ပါတယ်။ အဲဒါဟာ ကျပ် ၇၀ သားရှိပြီး ယခုခေတ်ဈေးနဲ့ဆိုရင် ကျပ်ငွေ ၁၀၀၀၀ ကျော် ရရှိပါတယ်။ ယောကျ်ားလေးတစ်ယောက်လုပ်အားဆိုရင်တော့ ဒါထက်ပိုပြီးတော့ ရပါတယ်။ ဒါပေမဲ့ ယခုအချိန်မှာ သတ္တုတွင်းအလုပ်များ ရှားပါးသွား၍ ထားဝယ်အပါအဝင် မြန်မာနိုင်ငံမှလူငယ် ၃၅ ရာခိုင်နှုန်းခန့်ဟာ မိမိနိုင်ငံပြင်ပသို့ အလုပ်ထွက်လုပ်နေရကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန်တင်ပြအပ်ပါတယ်။ ဒါကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။ အနာဂတ်တွင်သုံးစွဲနိုင်ရန် ထုတ်ယူသုံးစွဲခြင်းမပြုဘဲ ချန်ထားသည့် သတ္တုရန်သိုက် ဧက ၁.၁ သန်း

ရှိကြောင်း ဖော်ပြထားပါတယ်။ သတ္တုကို တန်ချိန်သန်းပေါင်း မည်မျှရှိသည်ဟူ၍ ဖော်ပြရမှာဖြစ်ပါတယ်။ နောက်ပြီး ဇကေ ၁.၁ သန်းရှိသည်ဟုဆိုရာမှာလည်း ကျောက်မီးသွေး၊ ဂရက်ဖိုက်၊ သံရိုင်းစတဲ့ အမျိုးမတူတဲ့ဟာတွေကို ပေါင်းထားတာတွေ့ရပါတယ်။ တကယ့်တကယ် အမျိုးတူမှသာလျှင်ပေါင်းလို့ရတာဖြစ်ပါတယ်။ လက်ရှိတွင် ကျောက်မျက်လုပ်ကွက်များအား ရပ်ဆိုင်းထားခြင်း၊ သက်တမ်းကုန်လုပ်ကွက်များအား သက်တမ်းတပ်မံတိုးခွင့်မပေးခြင်း၊ ဓာတ်သတ္တုလုပ်ကွက်အသစ်များကို ခွင့်ပြုမိန့်ချထားခြင်းမပြုဘဲ ရပ်ဆိုင်းထားခြင်းများ ပြုလုပ်ထားကြောင်း သိရပါတယ်။ ဒါပေမဲ့ ယနေ့အချိန်မှာ ရွှေကို တရုတ်နှင့် ထိုင်းမှ တင်သွင်းရတော့မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်နိုင်ငံမှာမှ သတ္တုဓာတ်တွေကိုမရှာဘဲ၊ သတ္တုမထွက်ဘဲ အနာဂတ်အတွက် ချန်ထားတယ်ဆိုတာ လုံး၀၊ လုံး၀ မကြားဖူးပါဘူး။ ဖွံ့ဖြိုးပြီးနိုင်ငံများမှာလည်း အင်တိုက်အားတိုက် သတ္တုများရှာဖွေတယ်။ ထုတ်လုပ်တယ်။ သတ္တုတွင်းလုပ်ငန်းရဲ့ဝင်ငွေဟာ နိုင်ငံအတွက် အဓိကဝင်ငွေတစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သတ္တုများများရှာနိုင်ပါတယ်။ သတ္တုများများထုတ်နိုင်ပါတယ်။ သတ္တုတွေကုန်သွားမှာ ပူပင်စရာ၊ မဲတင်းစရာမလိုတဲ့ အခြေအနေမှာရှိပါတယ်။ မြန်မာနိုင်ငံမှာ သတ္တုရှာဖွေထုတ်လုပ်ခြင်းကို စနစ်တကျ လုပ်နိုင်ပါလျှင် ယခုကဲ့သို့ သူများနိုင်ငံတွေမှာ သွားပြီး အလုပ်လုပ်ရန်မလိုဘဲ မိမိနိုင်ငံမှာလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သတ္တုသိုက်များစွာရှိနေသော်လည်းပဲ ကောင်းစွာမရှာရသေးတဲ့အတွက် အပေါ်ယံသတ္တုဓာတ်များကိုပဲ။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသိန်းဇော်။ အဆိုနဲ့ တိုက်ရိုက်ပတ်သက်တာကို ဆွေးနွေးစေချင်ပါတယ်။ အဆိုမှာ နှစ်ပိုင်းရှိတယ်။ ကျွန်တော်ဖတ်ပြမယ်။ အကြောင်းအမျိုးမျိုးဖြင့်။ အကြောင်းအမျိုးမျိုးဖြင့် သွားတာကိုဆွေးနွေးခိုင်းတာမဟုတ်ပါဘူး။ နိုင်ငံပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြရသော မြန်မာနိုင်ငံသားများသည် ပြည်ပနိုင်ငံများ၏ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မူဝါဒများနှင့် အခြားသောအကြောင်းရပ်တို့ကြောင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိနေသဖြင့် ၎င်းတို့ဆက်လက်ရပ်တည်နိုင်ရေး ဒါက အဆိုရဲ့ ပထမတစ်ချက်။ အဆိုဆိုတာက တိကျရှင်းလင်းတဲ့အကြောင်းအရာတစ်ချက်ပဲဖြစ်ရမှာ သို့သော် ဒီမှာနှစ်ချက်ဖြစ်နေတယ်။ နှင့် နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာပါက ထိရောက်သောကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သင့်လျော်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန်။ အဲဒီနှစ်ချက်ထဲက တစ်ချက်ချက်။ အမှန်ကတော့ အဆိုဆိုတာ တိကျရှင်းလင်းပြတ်သားတဲ့ အကြောင်းအရာတစ်ရပ်ပဲဖြစ်ရမယ်။ ဒီမှာနှစ်ရပ်ဖြစ်နေတယ်။ အဲဒီနှစ်ရပ်ထဲကမှ တစ်ရပ်ရပ်နဲ့ တိုက်ရိုက်ပတ်သက်တာ ဆွေးနွေးရင် ပိုပြီးတော့ အဆင်ပြေပါလိမ့်မယ်။ ဒီလိုမဟုတ်ဘဲနဲ့ အကြောင်းအမျိုးမျိုးနဲ့သွားတဲ့ဟာကြီး ပြောနေလို့ကတော့ အဆိုနဲ့တိုက်ရိုက်မပတ်သက်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အဆိုနဲ့ တိုက်ရိုက်ပတ်သက်တာကို ပဲ ဆွေးနွေးစေချင်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လည်း ဒီနေရာလေးမှာ နည်းနည်းစိုးရိမ်နေတဲ့အချက်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတာကတော့ ယခုလို သူများနိုင်ငံတွေမှာ အလုပ်သွားရောက်မလုပ်ကိုင်ဘဲနဲ့ အလုပ်အကိုင်

အခွင့်အလမ်းပေါ်များတဲ့ ကျွန်တော်တို့နိုင်ငံမှာပဲ လုပ်ခွင့်ရမယ်ဆိုလို့ရှိရင် ဒီပြဿနာပြေလည်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စကို အထက်ပါအတိုင်း ဆွေးနွေးရင်းနဲ့ပဲ ထောက်ခံအကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို (အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမယ့် အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဖြစ်ပါတယ်။ အဆိုရှင်က အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြရတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားများ မူဝါဒအပြောင်းအလဲများကြောင့် ရင်ဆိုင်ကြုံတွေ့နေရတဲ့အခက်အခဲတွေကို ကူညီဖြေရှင်းပေးရန် တိုက်တွန်းထားကြောင်း အဆိုကို ထောက်ခံရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံသားရွှေ့ပြောင်းလုပ်သားများဟာ နိုင်ငံပြင်ပကိုသွားရောက်အလုပ်လုပ်ကိုင်ခြင်းမှ အများစုကတော့ မိမိတို့ရဲ့တိုင်းပြည်ကို အထင်သေးပြီး အခြားတိုင်းပြည်ကို အထင်ကြီးသောစိတ် အလိုလောဘကြီးပြီး ချမ်းသာလိုသောစိတ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်ခြင်းထက် မိမိတို့ရဲ့နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှု၊ စီးပွားရေးကျပ်တည်းမှု၊ ပုံမှန်ဝင်ငွေရရှိသောလုပ်ငန်းများရှားပါးမှုတို့ကြောင့် မိမိတို့ရဲ့နေရပ်ကို စွန့်ခွာပြီးသွားရောက်လုပ်ကိုင်ကြခြင်းများ ဖြစ်ပါတယ်။ လက်ရှိ လက်လုပ်လက်စားသာမကပါဘူး။ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေတဲ့တောင်သူလယ်သမားများသည်ပင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ အဆင်မပြေမှုတွေရှိပြီး အကြွေးသံသရာမှမလွတ်ကင်းနိုင်တဲ့အတွက်ကြောင့် မိမိတို့ရဲ့လယ်ယာများကို ပေါင်နှံပြီး မိသားစုလိုက်သွားရောက်လုပ်ကိုင်ကြခြင်းများရှိသလို သားသမီးတွေကိုလည်း စေလွှတ်ပြီးတော့ စေခိုင်းခြင်းများရှိပြီးတော့ ဘွဲ့ရပညာတတ်အလုပ်လက်မဲ့များစွာလည်း သွားရောက်လုပ်ကိုင်ခြင်းကြောင့် မြန်မာနိုင်ငံရွှေ့ပြောင်းလုပ်သားတွေဟာ တစ်နေ့ထက်တစ်နေ့ပိုမိုတိုးလို့သာရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ရွှေ့ပြောင်းလုပ်သားအများစု သွားရောက်အလုပ်လုပ်ကိုင်ကြတဲ့နိုင်ငံတွေကတော့ ထိုင်း၊ စင်္ကာပူ၊ မလေးရှားတို့ဖြစ်ပြီး ၎င်းနိုင်ငံတွေမှာအလုပ်လုပ်နေကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် လုံခြုံမှုရှိတဲ့ကာကွယ်မှုတွေ၊ အခွင့်အရေးတွေ ရသင့်ပါတယ်။ ဒီနေရာမှာ အထောက်အထားတရားဝင်ရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေသာမက အထောက်အထားမဲ့ တရားမဝင်သွားလာတဲ့ရွှေ့ပြောင်းလုပ်သားတွေကိုပါ အခွင့်အရေးတွေ၊ အကာအကွယ်တွေ လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ထိုင်းနိုင်ငံတစ်ခုတည်းမှာတင် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေဟာ တရားဝင်ရော၊ တရားမဝင်ပါ သွားရောက်တာတွေဟာ များစွာရှိနေလို့ဖြစ်ပါတယ်။ တရားမဝင်ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်လုပ်ရတဲ့အကြောင်းအရင်းတွေကလည်း တရားဝင်လုပ်ကိုင်ရန် ငွေကြေးကုန်ကျမှုများစွာရှိပြီး လုပ်ငန်းစဉ်တွေဟာလည်း ရှုပ်ထွေးများပြားမှုကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် အလုပ်သမားများခေါ်ယူမှုစနစ်တွေမှာ ပွင့်လင်းမြင်သာမှုရှိရန်လည်း လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံအတွင်းရှိ လူတစ်ဦးချင်းစီအတွက် နိုင်ငံတကာရွှေ့ပြောင်းလုပ်သားများမှ တရားဝင်ပေးပို့ငွေ ၁၀ ရာခိုင်နှုန်းတိုးလာပါက ဆင်းရဲနွမ်းပါးသူရာခိုင်နှုန်း ၃.၅ ရာခိုင်နှုန်းကျဆင်းသွားသောကြောင့် လွှဲပို့ငွေတွေဟာ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းအများအပေါ် များစွာအကျိုးသက်ရောက်မှုရှိနိုင်ပါတယ်။ ဒါကြောင့် ရွှေ့ပြောင်းလုပ်သားများအနေနဲ့ မိမိတို့မိသားစုနဲ့မိမိတို့တိုင်းပြည်အတွက် ငွေရှာဖို့အလုပ်သွားလုပ်တယ်ဆိုတဲ့ယုံကြည်မှုကို ခိုင်မာစေသင့်ပါတယ်။ သူတို့ကိုယ်သူတို့ အနိမ်ခံလိုဆက်ဆံခွင့်မရှိဘူးဆိုတာကို နားလည်နိုင်ရပြီး အသက်မွေးဝမ်းကျောင်းတစ်ခုလို့ သဘောထားခေါင်းမော့ကာ ကိုယ့်သိက္ခာကိုယ်ထိန်းပြီး သူများနိုင်ငံမှာ အစော်ကားမခံရအောင် နေရမှာဖြစ်ပါတယ်။ မြန်မာအစိုးရအနေနဲ့လည်း ရွှေ့ပြောင်းလုပ်သားအရေးကို နိုင်ငံတော်ရဲ့ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသော်လည်း အလုပ်သမားများအတွက် အခက်အခဲအချို့ဟာရှိနေဆဲပင်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ပြင်ပနိုင်ငံတွေမှာ ရွှေ့ပြောင်းလုပ်သားတွေရဲ့လုပ်အားကို စနစ်တကျကျယ်ကျယ်ပြန့်ပြန့် အသုံးချပြီး လူ့လုပ်အားများစွာလိုအပ်တဲ့ ပြည်ပပို့ကုန်ထုတ်လုပ်ရေးပေါ်မှာ မှီခိုအားပြုနေရတာဖြစ်ပေမဲ့ ဒီရွှေ့ပြောင်းလုပ်သားတွေဟာ တစ်ခါတရံမှာ လူကုန်ကူးခြင်း၊ အဓမ္မခိုင်းစေခြင်းခံကြရပြီး လူသိက္ခာကျဆင်းစေတဲ့ကြောက်မက်ဖွယ်ရာအခြေအနေစိုးတွေမှာ နေထိုင်လုပ်ကိုင်နေကြရပါတယ်။ သူတို့ကို အခြေခံလူ့အခွင့်အရေးနဲ့မထိုက်တန်သူ ဒုတိယတန်းစား နိုင်ငံသားတွေအဖြစ်သာ သဘောထားဆက်ဆံတာကို ခံနေကြရပါတယ်။ ထို့အတွက်ကြောင့် အခြေခံအခွင့်အရေးများ ချိုးဖောက်ခံရခြင်း၊ လုပ်ခလစာမရရှိခြင်း၊ အလုပ်ရှင်နှင့်ပွဲစားများမှ နှိပ်စက်ညှင်းပန်းလိမ်လည် အနိုင်ကျင့်မှုများခံကြရပြီး တစ်ခါတရံမှာ အသက်ဆုံးရှုံးသည်အထိ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေများစွာရှိနေပါတယ်။ ရွှေ့ပြောင်းလုပ်သားတွေရဲ့လူသားဘဝလုံခြုံရေးကို အာမခံမယ့်ရေရှည်ပေါ်လစီကလည်း မရှိသလို အမြစ်တွယ်နေတဲ့အဂတိလိုက်စားမှုကြောင့်လည်း အခြေအနေကို ဆိုးစေပါတယ်။ မြန်မာလူထုရဲ့ ၁၀ ရာခိုင်နှုန်းလောက်မှာ ပြည်ပမှာအလုပ်လုပ်ကိုင်နေကြတာဖြစ်ပေမဲ့ ငွေပြန်ပို့မှု ပြန်လာသူတွေရဲ့ကျွမ်းကျင်မှုကို၊ စီမံခန့်ခွဲမှုတွေကို ဦးစားပေးဆောင်ရွက်တာ မတွေ့ရသေးပါဘူး။ ပြည်ပက ရရှိလာတဲ့ ဒီအလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုကို ပိုမိုတိုးတက်ကောင်းမွန်အောင် အားပေးခြင်းဖြင့် မြန်မာပြည်ရဲ့စီးပွားရေး၊ လူမှုရေးနဲ့ ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်အသုံးဝင်လာအောင် လုပ်နိုင်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လိုင်စင်ထုတ်ပေးထားတဲ့ ပြည်တွင်းအလုပ်အကိုင်အေဂျင်စီ၊ ပြည်ပအလုပ်အကိုင်အေဂျင်စီတွေကိုလည်း သေသေချာချာစောင့်ကြည့်ထိန်းကျောင်းပြီးတော့ လိုအပ်တဲ့အခါမှာ တိတိကျကျထိထိရောက်ရောက် အရေးယူဖို့လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မမဲဆန္ဒနယ်မှာရှိတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၆ ဦးဟာ ထိုင်းမှာအလုပ်ရရှိဖို့အတွက် ရွှေနန်းရိပ်သာကုမ္ပဏီကို ငွေသိန်း ၉၀ ကျော်ပေးလိုက်တဲ့နေရာမှာ ထိုင်းမှာအလုပ်လုပ်ခွင့်မရရှိဘဲ မြဝတီမှာပဲသောင်တင်ပြီး နောက်ဆုံးမိမိတို့ရဲ့နေရပ်ကိုပဲ ပြန်လာခဲ့ရပါတယ်။ ပေးထားတဲ့ငွေထဲကလည်း သိန်း ၂၀ သာပြန်ရပြီး ကျန်ငွေတွေဟာ ယခုထိပြန်မရဘဲဖြစ်နေပါတယ်။ ဒင်းဆုံးရှုံးသွားတဲ့ငွေတွေဟာဆိုရင်လည်း ကိုယ်ပိုင်ငွေတွေမဟုတ်ဘဲနဲ့ အကြွေးတွေအတိုးကြီးနဲ့ယူထားတဲ့ငွေတွေဖြစ်တဲ့အတွက်ကြောင့်

အကြွေးတွေပြန်မဆပ်နိုင်ဖြစ်ပြီးတော့ ဒုက္ခပေါ်ဒုက္ခဆင့်နေကြရပါတယ်။ ဒီလိုအဖြစ်မျိုးတွေပေါ်ပေါက်လာတဲ့အခါမှာဆိုရင်လည်း ဖြေရှင်းတဲ့နည်းက ကာယကံရှင်များက သက်ဆိုင်ရာအေဂျင်စီကို တရားစွဲခြင်းများဖြစ်ပြီး တရားရင်ဆိုင်ရတဲ့အချိန်တွေကုန်ခြင်း၊ ထပ်မံကုန်ကျစရာငွေကြေးမရှိတော့ခြင်း၊ တစ်နေ့လုပ်မှတစ်နေ့စားရတဲ့ဘဝအဖြစ်သာ ရပ်တည်နေရတဲ့အတွက်ကြောင့် တရားစွဲဆိုခြင်းမရှိဖြစ်ကာ၊ ဆုံးရှုံးနစ်နာမှုများဖြစ်ကာ အဆုံးသတ်နေကြရပါတယ်။ ထို့အတွက်ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေ ချမှတ်ထားတဲ့ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းသင့်ပါတယ်။ နိဂုံးချုပ်အားဖြင့် ရွှေ့ပြောင်းအလုပ်သမားတွေအတွက် လိုအပ်ချက်တွေ၊ စိန်ခေါ်မှုတွေနဲ့ လူမှုဒုက္ခများရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်ပါသောကြောင့် အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမယ့် ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင် ဦးစိုင်းသီဟကျော်ရဲ့အဆို ပထမအချက်ကတော့ မြန်မာနိုင်ငံတိုင်းရင်းသားများဟာ နိုင်ငံရေးအခြေအနေအကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာ အိမ်နီးချင်းပြည်ပနိုင်ငံများကို ရွှေ့ပြောင်းအလုပ်လုပ်ခဲ့ရတာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ တရားမဝင်ပြည်ပနိုင်ငံကိုရောက်ရှိသွားတဲ့ ရွှေ့ပြောင်းအလုပ်သမားများရဲ့အခက်အခဲတွေ၊ ဘဝအာမခံချက်မရှိတဲ့ပြဿနာတွေနဲ့ တတိယအချက်တွေကတော့ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများရဲ့အခက်အခဲများကို အစိုးရအနေနဲ့ ပံ့ပိုးကူညီရန်၊ ကာကွယ်စောင့်ရှောက်ရန်မူဝါဒနဲ့ လုပ်ငန်းစဉ်တွေချမှတ်ပေးဖို့ပဲဖြစ်ပါတယ်။

ရွှေ့ပြောင်းအလုပ်သမားဆိုရာမှာ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားနဲ့ ပြည်ပရွှေ့ပြောင်းအလုပ်သမားရယ်လို့ နှစ်မျိုးရှိပါတယ်။ အဆိုရှင်ရဲ့ဆိုလိုရင်းက ပြည်ပရွှေ့ပြောင်းအလုပ်သမားများရဲ့အခက်အခဲများကိုသာဖော်ပြတဲ့အတွက် ပြည်ပရွှေ့ပြောင်းအလုပ်သမားများရဲ့ အခြေအနေကိုသာဆွေးနွေးသွားပါမယ်။ ရွှေ့ပြောင်းလုပ်သားနဲ့သက်ဆိုင်တဲ့ မိမိတိုင်းပြည်ရဲ့အခြေအနေအရသက်ဆိုင်ရာဝန်ကြီးဌာနကတော့ ၁၉၉၀ ခုနှစ်ကနေပြီး ၂၀၁၅ ခုနှစ်အထိမှာ ရွှေ့ပြောင်းလုပ်သားပေါင်း ၂၅၀၀၀၀ ကျော်ရှိကြောင်း သိရှိရပေမဲ့ နိုင်ငံတကာရွှေ့ပြောင်းအလုပ်သမားဆိုင်ရာအဖွဲ့(IOM) ရဲ့ အစီရင်ခံစာအရတော့ လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းထိ သုံးသန်း၊ လေးသန်းခန့်ရှိတယ်လို့ သိရှိရပါတယ်။ ယနေ့အထိတောင် တရားမဝင်နယ်စပ်ဖြတ်ကျော်ပြီး ပြည်ပနိုင်ငံကိုထွက်ခွာဆဲဖြစ်ကြောင်း လူဦးရေအတိအကျ စာရင်းမရနိုင်တဲ့အခြေအနေတွေဖြစ်နေပါသေးတယ်။ ဒီတော့ မြန်မာနိုင်ငံသားတွေဖြစ်တဲ့ ရွှေ့ပြောင်းလုပ်သားတွေအတွက် လုံခြုံစွာနဲ့ဘဝရပ်တည်နိုင်ကြမယ့် အခြေအနေတွေကို ဖန်တီးပေးကြဖို့လိုအပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာအစိုးရအနေနဲ့ ရွှေ့ပြောင်းအလုပ်သမားအရေးကို နိုင်ငံတော်ရဲ့အထူးဦးစားပေးလုပ်ငန်းစဉ်အဖြစ် အသိအမှတ်ပြုပြီး ရွှေ့ပြောင်းအလုပ်သမားအကာအကွယ်ပေးရေးလုပ်ငန်းတွေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရဲ့ရည်မှန်းချက် အပိုဒ်(ဃ)မှာ ပြည်တွင်းပြည်ပတို့၌ သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်ရရှိစေရေးနဲ့ ဘေးကင်းတဲ့ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်စေရေးဆိုပြီးတော့လည်း ပါရှိပါတယ်။

ဝန်ကြီးဌာနရဲ့လုပ်ငန်းစဉ်(က)မှာ ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ရန်မှာ ပြည်ပအလုပ်အကိုင်အတွက် နယ်စပ်မြို့များမှာ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်မယ်။ (ခ)မှာတော့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အစည်းကလည်း ရွှေ့ပြောင်းအလုပ်သမား အလုပ်အကိုင်ဖန်တီးတဲ့ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေးနဲ့ လူမှုကာကွယ်ပေးရေး၊ ငြိမ်းချမ်းရေးရရှိပြီးတဲ့ နယ်စပ်ဒေသတွေမှာ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ပေးမယ်လို့ ပါရှိပါတယ်။ မြန်မာရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်ပြီးတော့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကို လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေပေါ်မူတည်ပြီး ပြန်လည်သုံးသပ်မယ်၊ အလုပ်သမားသံအရာရှိတွေ ခန့်အပ်တာဝန်ပေးမယ်။ အလုပ်သမားလက်ခံနိုင်ငံများနဲ့ပူးပေါင်းဆောင်ရွက်မယ်လို့ ပါရှိပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများနဲ့ ၎င်းတို့မိသားစုအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်မယ်။ သတင်းအချက်အလက်တွေ စုဆောင်းရယူမယ်။ သုတေသနနဲ့ လေ့လာရေးလုပ်ငန်းစဉ်တွေလည်း ဆောင်ရွက်ပေးမယ်လို့ဆိုပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ ILO၊ World Vision၊ Save the Children စတဲ့အဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပလူမှုအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ရွှေ့ပြောင်းအလုပ်သမားကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေလည်း ဆောင်ရွက်သွားမယ်လို့ ဖော်ပြထားပါတယ်။ အဲဒီဆောင်ရွက်ချက်တွေဟာ ဝန်ကြီးဌာနက အမျိုးသားရေးတာဝန်တစ်ရပ်နဲ့ ဆောင်ရွက်နေတယ်ဆိုပေမဲ့ မြေပြင်ပကတိအခြေအနေပေါ်မူတည်ပြီး မူဝါဒ၊ လုပ်ငန်းစဉ်တွေဟာ အကောင်အထည်ဖော်ဆောင်ရွက်ဖို့တော့ လိုအပ်နေသေးကြောင်း ထောက်ပြလိုပါတယ်။ ဒါ့အပြင် အဆိုရှင်တင်ပြတဲ့ နိုင်ငံခြားမှာ တရားမဝင်သွားရောက်အလုပ်လုပ်တဲ့ တိုင်းရင်းသားရွှေ့ပြောင်းလုပ်သားတွေအတွက် အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားသက်သေခံလက်မှတ်များ ပြုလုပ်ပေးခြင်း၊ မိမိရဲ့နေရင်းဒေသမှာ လုပ်ကိုင်စားသောက်ဖို့အတွက် မြေနေရာတွေသတ်မှတ်ပေးခြင်း၊ မြေပြင်အငြင်းပွားမှုများ ဖြေရှင်းပေးခြင်းကိုလည်း ဆောင်ရွက်ပေးသင့်ပါတယ်။

နယ်စပ်ဒေသမှာရှိတဲ့မြို့များနဲ့ မိမိရဲ့နေရင်းဒေသကို ပြန်လာရာလမ်းကြောင်းမှာရှိတဲ့ မြို့နယ်များက တာဝန်ရှိပုဂ္ဂိုလ်တွေ၊ အစိုးရအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းအသီးသီးတို့က မြန်မာနိုင်ငံတိုင်းရင်းသားများကို ကူညီဆောင်ရွက်ပေးဖို့ အလေးထားဆောင်ရွက်ပေးသွားကြဖို့လည်း အကြံပြုအပ်ပါတယ်။ နိုင်ငံတကာရွှေ့ပြောင်းလုပ်သားအဖွဲ့ရဲ့ မြန်မာနိုင်ငံရွှေ့ပြောင်းလုပ်သား ၅၀၀၀ ကျော်ရဲ့မေးမြန်းတွေ့ဆုံမှုအရ မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုတွေဟာ နောက် ငါးနှစ်အတွင်းမှာ နေရပ်ပြန်ဖို့

ဆန္ဒရှိကြောင်းကိုလည်း ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ အရေးပေါ်ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်လာပါက အလုပ်နဲ့ထောင်ဒဏ်(၁)နှစ်အပြင် ငွေဒဏ်ပါ ကျခံရမယ်လို့ပါရှိပါတယ်။ ဒီပြဋ္ဌာန်းချက်ဟာ ရွှေ့ပြောင်းလုပ်သားများအတွက် တရားဝင်နေရပ်ပြန်နိုင်ရေး အခက်အခဲဖြစ်နေတဲ့အတွက် ၎င်းအက်ဥပဒေကိုလည်း ပြင်ဆင်သင့်တယ်လို့အကြံပြုအပ်ပါတယ်။ ဒါကြောင့် ရွှေ့ပြောင်းလုပ်သားရဲ့အရေးကို နိုင်ငံတော်မှပိုမိုအားစိုက်လုပ်ကိုင်ရန် လိုအပ်လျက်ရှိပြီး နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုနှင့် တရားမဝင် ရွှေ့ပြောင်းလုပ်သားအရေးမှသည် တရားဝင်ရွှေ့ပြောင်းလုပ်သားအရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရကိုအကြံပြုတိုက်တွန်းရင်း ဦးစိုင်းသီဟကျော်ရဲ့အဆိုကို။

**ဥက္ကဋ္ဌ**။ ။ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ လွိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်က အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားတို့ကို ထိရောက်တဲ့ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သင့်လျော်တဲ့မူဝါဒလုပ်ငန်းစဉ်များ သတ်မှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှာ တင်သွင်းပြီး လွှတ်တော်က လက်ခံပြီးဆွေးနွေးရန် အတည်ပြုခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်သမ္မတရဲ့ ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာအာဆီယံသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန်အပေါ် ဆွေးနွေးအတည်ပြုရန် ပေးပို့လာခဲ့ပါတယ်။ အဆိုရှင် ဦးစိုင်းသီဟကျော်ရဲ့ ရည်ရွယ်ချက်ဟာ အဲဒီအဆိုစာချုပ်ထဲမှာ ပြည့်စုံစွာပါနေတာတွေ့ရပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့မိသားစုရဲ့အခွင့်အရေး ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ သတ်မှတ်အခွင့်အရေး အလုပ်သမားများစေလွှတ်လက်ခံတဲ့ နိုင်ငံရဲ့တာဝန်နှင့်ဝတ္တရားများ၊ ကတိကဝတ်များအပြင် ဖြည့်စွက်နိုင်တဲ့ အရာများပါရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဆဋ္ဌမပုံမှန် သတ္တမနေ့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှာ ယင်းစာချုပ်မှာ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးထောက်ခံအကြံပြုကြပြီး ကန့်ကွက်သူမရှိ သဘောတူအတည်ပြုခဲ့ပါတယ်။ ယခုအစိုးရသစ်ကလည်း လုပ်ဆောင်ချက်များကို တိတိကျကျမထုတ်ပြန်နိုင်သေးသော်လည်း ၎င်းစာချုပ်ပါအတိုင်း စတင်ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် လွှတ်တော်ရဲ့လုပ်ထုံးလုပ်နည်းအရ လွှတ်တော်မှာမှတ်တမ်းတင်ရန် ဒီအဆိုကို မှတ်တမ်းတင်ပေးရန် ထောက်ခံအကြံပြုပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင်။ အထက်ပါသဘောတူစာချုပ်ထဲက ပါရှိမှုများဟာ တရားဝင်ရွှေ့ပြောင်းလုပ်သားများအတွက်သာ ရည်ရွယ်ထားတာကို တွေ့ရပါတယ်။ တရားဝင်အထောက်အထားမရှိတဲ့ ရွှေ့ပြောင်းလုပ်သားများဟာ ဆင်းရဲမွဲတေမှု၊ အလုပ်ရှားပါးမှု၊ ပညာအရည်အချင်းနည်းပါးမှုတို့ကြောင့် တရားမဝင်ရွှေ့ပြောင်းလုပ်သားများ ဖြစ်လာရပါတယ်။ အန္တရာယ်၊ ဒုက္ခများရင်ဆိုင်ရပါတယ်။

လိုင်ပိုင်းဆိုင်ရာအစော်ကားခံရပြီး ဆက်ဆံခွဲခြားခြင်းခံရပါတယ်။ အလွဲသုံးစားအသုံးပြုခံရပါတယ်။ လုံခြုံမှုမရှိဘဲ လူမှောင်ခိုကုန်ကူးခံရပါတယ်။ စီးပွားရေးအရသော်လည်းကောင်း၊ နိုင်ငံရေး၊ စစ်ရေး ပဋိပက္ခကြောင့်သော်လည်းကောင်း ငြိမ်းချမ်းမှုမရှိတဲ့ဒုက္ခသည်ဘဝရောက်ရပါတယ်။ ဒါ့ကြောင့် တရားဝင်အထောက်အထားလက်ဝယ်ရှိပြီး အခက်အခဲနှင့်အန္တရာယ်များကြောင့် တရားမဝင် ရွှေ့ပြောင်းလုပ်သားတွေအဖြစ် စီးဆင်းမှုကိုကာကွယ်ရန် လိုအပ်သလို တရားမဝင်ရွှေ့ပြောင်း လုပ်သားများကို တရားဝင်ရွှေ့ပြောင်းလုပ်သားများဖြစ်လာအောင် အထူးဆောင်ရွက်ပေးရန် တိုက်တွန်းပါတယ်ရှင်။ တရားဝင်ရွှေ့ပြောင်းအလုပ်သမားများဖြစ်လာပါက နိုင်ငံတော်ရဲ့ လူ့စွမ်းအား အရင်းအမြစ်မှရလာတဲ့ခွန်များကို စနစ်တကျ ဖွံ့ဖြိုးရေးအတွက် လုပ်နိုင်မှာဖြစ်သလို ၎င်းကရရှိတဲ့ နည်းပညာ အတွေ့အကြုံများကိုလည်း အမြတ်တင်ကျန်ခဲ့မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အမျိုးသမီး CEDAW စာချုပ်အပါအဝင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့် များ၊ အလုပ်သမားအခွင့်အရေးများ၊ ကလေးသူငယ်များဆိုင်ရာအခွင့်အရေးနှင့် ပတ်သက်တဲ့ နိုင်ငံတကာစာချုပ်များကို မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ယခင် အစဉ်အလာအရ အစိုးရက ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် ပျက်ကွက် ခဲ့ပါတယ်။ ယခု လက်ရှိအစိုးရသစ်အနေနဲ့ နိုင်ငံတကာရဲ့ မြန်မာနိုင်ငံအပေါ် အမြင်စောင်း၊ အမြင်မှား မှုများကို ကျော်လွှားနိုင်ရန်အတွက် တရားဝင်၊ တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခွင့်အရေး များထိရောက်စွာကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာများကို ရရှိနိုင်ရန်အတွက် အခြေခံမူဖြစ်တဲ့ဒီမိုကရေစီစနစ် တရားဥပဒေစိုးမိုးမှု၊ ကောင်းမွန်တဲ့အုပ်ချုပ်ရေးနှင့် အားသစ်လောင်း ပြီး အားဖြည့်ဆောင်ရွက်နိုင်ဖို့ အကြံပြုလိုပါတယ်။ အားနည်းနေတဲ့ မြန်မာနိုင်ငံ AIPA ကလည်း အရေးယူတိတိကျကျနဲ့ ယခင်အားနည်းချက်၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကြံပြုလိုပါတယ်။ လက်မှတ်ရေးထိုးခဲ့တဲ့စာချုပ်ရဲ့သဘောတူညီချက်တာဝန်၊ ဝတ္တရားများကို ဟန်ချက်ညီညီအဂတိကင်းစွာနဲ့ လူသားခြင်းစာနာထောက်ထားမှုကို ဇဟိုပြုပြီး ဆောင်ရွက်စေလိုပါ ကြောင်းအကြံပြုရင်း ဦးစိုင်းသီဟကျော်ရဲ့အဆိုကို မှတ်တမ်းတင်ပေးနိုင်ရန် ထောက်ခံပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ၂၆-၁၀-၂၀၁၇ ရက်နေ့က မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်ရဲ့အဆိုကို ထောက်ခံဆွေးနွေးပြီး အကြံပြုချက်များတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အဆိုတွင်အပိုင်းနှစ်ပိုင်း ပါဝင်တာတွေ့ရှိ ရပြီး မြန်မာနိုင်ငံမှ ပြည်ပရောက်ရွှေ့ပြောင်းလုပ်သားများဟာ ပြည်ပမှာလုံခြုံစွာ ဆက်လက်ရပ်တည် နိုင်ရေးနဲ့ ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာသူများကိုလည်း ကူညီစောင့်ရှောက်ဖို့ တိုက်တွန်းထား တဲ့အဆိုလို့ နားလည်လိုက်ပါတယ်။ ဒီအဆိုကိုထောက်ခံဆွေးနွေးရတဲ့ အဓိကအကြောင်းအရင်း ကတော့ ပြောင်းလဲချိန်တန်ပြီ။ ပြောင်းလဲသင့်ပြီလို့ခံယူထားကြတဲ့ မြန်မာနိုင်ငံသားအများစုအတွက် တိုင်းပြည်ရဲ့စိန်ခေါ်မှုတွေထဲကတစ်ခုကို ထောက်ပြအကြံပြုလို၍ဖြစ်ပါတယ်။ ဘယ်နိုင်ငံသားပဲ

ဖြစ်ဖြစ် အများစုမှာ မိမိတိုင်းပြည် မိမိဒေသ မိမိမိသားစုအသိုင်းအဝိုင်းရှိရာမှာပဲ ဘဝရပ်တည်နိုင်ပြီး လွတ်လပ်လုံခြုံစွာ နေချင်ကြသူများပဲဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာတော့ ၁၉၈၈ ခုနှစ် နောက်ပိုင်းကစပြီး လုပ်သားအင်အားရွှေ့ပြောင်းမှု လျင်မြန်စွာတိုးတက်များပြားလာခဲ့ပါတယ်။ ယနေ့ အချိန်ထိပင် ပြောင်းလဲထားသောစနစ် လိုက်လျောညီထွေတဲ့ကျင့်သုံးမှုမျိုးရရှိအောင်၊ နိုင်ငံရေး တည်ငြိမ်အောင်၊ စီးပွားရေးတိုးတက်အောင် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်အောင် စိန်ခေါ် မှုများစွာနဲ့ ကြိုးစားဆောင်ရွက်နေရတဲ့အသွင် ကူးပြောင်းရေးကာလဖြစ်နေခြင်းကြောင့် မဖြစ်မနေ ရှိနေအုံးမှာဖြစ်တဲ့ ရွှေ့ပြောင်းလုပ်သားများအရေးကိစ္စကို အလေးထားဆောင်ရွက်ပေးဖို့ လိုအပ်နေအုံး မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အဆိုပါအကြောင်းတရားများကို နှိုင်းယှဉ်ဖော်ပြလို၍ Power Point အသုံးပြု ခွင့်ပေးပါရှင်။ ဒါကတော့ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများ အများဆုံးသွားရောက်လုပ်ကိုင်တဲ့ နိုင်ငံများဖြစ်ပါတယ်။ အထူးသဖြင့် ထိုင်းနိုင်ငံဖြစ်ပြီး ကျန်နိုင်ငံများမှာလည်း အာရှတိုက်ထဲမှာ နိုင်ငံ အများစုဖြစ်ကြောင်း မြင်တွေ့နိုင်ပါတယ်။ ဒါကတော့ တရားဝင်နဲ့တရားမဝင်ရွှေ့ပြောင်းလုပ်သားများ သွားရောက်လုပ်ကိုင်နေသူအရေအတွက်ကို နှိုင်းယှဉ်ဖော်ပြချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံသက်ဆိုင်ရာ ဝန်ကြီးဌာနမှ နှစ်ပေါင်း ၂၅ နှစ်အတွင်းမှာ တရားဝင်ရွှေ့ပြောင်းလုပ်သား ၂၅၀၀၀၀ ကျော်ရှိကြောင်း ဖော်ပြခဲ့ပေမဲ့ Power Point မှာ ပြင်ပစာရင်းအရတော့ မြန်မာနိုင်ငံလူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းခန့် လူဦးရေ လေးသန်းလောက်ဟာ ပြည်ပမှာတရားမဝင်ရွှေ့ပြောင်းလုပ်သားများအဖြစ် ရောက်ရှိ လုပ်ကိုင်နေကြောင်း သိရှိရပါတယ်။ ဒါကြောင့် တရားဝင်သွားရောက်လုပ်ကိုင်တယ်ဆိုသူက သိန်းဂဏန်း လောက်သာရှိနေတဲ့အချိန်မှာ တရားမဝင်သွားရောက်လုပ်ကိုင်သူက သန်းဂဏန်းလောက် ဖြစ်နေတဲ့ အတွက်ကြောင့် အစိုးရက ရွှေ့ပြောင်းလုပ်သားများအတွက် စောင့်ရှောက်ကူညီမယ်ဆိုရင် မြေပြင် ပကတိအခြေအနေအတိုင်း လွှမ်းခြုံဖို့လိုအပ်မယ်လို့ အကြံပြုလိုပါတယ်။ ဒါ့အပြင် တရားမဝင် သွားရောက်လုပ်ကိုင်တဲ့သူတွေဟာ အခက်အခဲစိန်ခေါ်မှုတွေ ကြုံတွေ့ရမှာဖြစ်တဲ့အတွက် တရားဝင် သွားရောက်လုပ်ကိုင်ခြင်းဖြစ်အောင် ဆောင်ရွက်ပေးဖို့လိုအပ်မှာဖြစ်တဲ့အတွက် ပြည်ပကို ရွှေ့ပြောင်း လုပ်သားအဖြစ် သွားသူတိုင်းကို တရားဝင်ဖြစ်နိုင်အောင် ၎င်းတို့လက်လှမ်းမီတဲ့အခြေအနေတွေဖြစ်ဖို့ လိုအပ်ချက်များကို ပြုပြင်ဖန်တီးပေးဖို့လိုကြောင်းကိုလည်း အကြံပြုလိုပါတယ်။ ဒါကတော့ မြန်မာနိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနရဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေများဖြစ်ပါတယ်။ ဒီဥပဒေထဲမှာတော့ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေတစ်ခုသာရှိပြီး ယခုတော့ ပြင်ဆင်ရေးဆွဲလျက်ရှိတယ် လို့ လေ့လာတွေ့ရှိရပါတယ်။ ဒီနေရာမှာအကြံပြုလိုတာကတော့ ဥပဒေပြင်ဆင်ရေးဆွဲတဲ့အခါမှာ ပကတိအခြေအနေကို လွှမ်းခြုံဖို့ အကြံပြုလိုပါတယ်။ ဒါကတော့ မြန်မာရွှေ့ပြောင်းလုပ်သားများ ပြည်ပမှာလုပ်ကိုင်ကြရတဲ့ အဓိကလုပ်ငန်းများဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့စီမံကိန်းသစ်များ တိုးချဲ့ လုပ်ဆောင်ရာမှာ ပြည်ပမှရွှေ့ပြောင်းလုပ်သားများရဲ့ ကျွမ်းကျင်မှုကိုအသုံးချနိုင်တဲ့၊ မိမိတိုင်းပြည်နဲ့ လိုက်လျောညီထွေရှိမယ့်လုပ်ငန်းမျိုးကို ရွေးချယ်ဖော်ဆောင်သင့်တယ်လို့ အကြံပြုလိုပါတယ်။ ဒါကတော့ မြန်မာနိုင်ငံရွှေ့ပြောင်းလုပ်သားများ ရေတိုရေရှည်အစီအမံတို့ကို နှိုင်းယှဉ်ဖော်ပြချက် ဖြစ်ပါတယ်။ ရေတိုကတော့ လတ်တလောမိသားစုဘဝရပ်တည်နိုင်ဖို့ဖြစ်ပြီး ရေရှည်ကတော့ ပြည်ပမှာ

ရရှိခဲ့တဲ့လုပ်ငန်းအတွေ့အကြုံ၊ ကျွမ်းကျင်မှုတွေကို မိမိနိုင်ငံအတွက် ပြန်လည်အသုံးချပြီး ပြည်တွင်းမှာ ကျွမ်းကျင်လုပ်သားများပြန့်ပွားစေမှုနဲ့နိုင်ငံတွင်းမှာ တည်ငြိမ်တဲ့ဘဝများကို ရေရှည်ဖန်တီးနိုင်ဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတည်ဆောက်ရေးအတွက် ဉာဏစွမ်းအားများရရှိအောင် အစိုးရက ငွေကုန်ကြေးကျခံပြီး ပညာတော်သင်တွေစေလွှတ်တယ်။ ရရှိလာတဲ့ပညာအသိများနဲ့မိမိတိုင်းပြည်အတွက် ပြန်လည်အသုံးချဆောင်ရွက်စေသလို ပြည်ပမှာနှစ်ချီအသုံးပြုခဲ့ပြီး ရရှိလာတဲ့လုပ်ငန်းကျွမ်းကျင်မှုများနဲ့မိမိနိုင်ငံအတွက် ပြန်လည်အသုံးချနိုင်အောင် စီမံဆောင်ရွက်သင့်ပါတယ်။ တကယ့်လက်တွေ့မှာတော့ ပြည်တွင်းကိုပြန်ဝင်လာတဲ့ရွှေ့ပြောင်းလုပ်သားတွေဟာ မိမိရဲ့တတ်ကျွမ်းခဲ့တဲ့လုပ်ငန်းအတွေ့အကြုံတွေကို အသုံးချခွင့်မရဘဲ ရရာအလုပ်များကို ရှာဖွေလုပ်ကိုင်နေရပါတယ်။ အလုပ်လျှောက်ပြန်တော့လည်း ပညာအရည်အချင်း၊ အသက်တို့ကို ကန့်သတ်ခေါ်တာဖြစ်လို့ အလုပ်မရကြ၊ နောက်ဆက်တွဲ ပြည်တွင်းမှာ ဘဝမရပ်တည်နိုင်တော့ဘဲ ပြည်ပကိုပြန်ထွက်မှအဆင်ပြေမယ့်အခြေအနေကြောင့် မိသားစုဘဝတွေမှာ လူမှုအခက်အခဲများစွာကြုံတွေ့ရပြန်ပါတယ်။ ဒါကြောင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်မယ့်ရွှေ့ပြောင်းလုပ်သားများအတွက် ကြုံတွေ့နေရတဲ့အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို မြေပြင်ပကတိတည်ရှိနေတဲ့အတိုင်း ကူညီစောင့်ရှောက်နိုင်ဖို့နဲ့ပြည်တွင်းပြန်ဝင်လာသူများကိုလည်း အပြန်ခရီးမှာ ခရီးဦးကြိုပြုရုံလောက်တင်မကဘဲ ၎င်းတို့ရဲ့ကျွမ်းကျင်မှုများနှင့် မိမိအတွက်၊ မိမိတိုင်းပြည်အတွက် ရေရှည်ရလဒ်ကောင်းတွေဖြစ်အောင် လိုအပ်တဲ့ဥပဒေ၊ မူဝါဒများ ခိုင်ခိုင်မာမာ ချမှတ်ဆောင်ရွက်ပေးပါရန် အကြံပြုအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး(ခ)ဦးစိုင်းဝင်းအေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းအေး(ခ)ဦးစိုင်းဝင်းအေး(မိုင်းရှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ပြီး သာယာပျော်ရွှင်တဲ့မိသားစုဘဝတွေကို ကိုယ်စီကိုယ်ငှပိုင်ဆိုင်နိုင်ကြပါစေလို့ ဦးစွာပထမ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် တင်သွင်းတဲ့အဆိုကိုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ သယံဇာတပေါကြွယ်ဝသော်လည်း အတိတ်က စီမံခန့်ခွဲမှုအလွဲတွေကြောင့် တိုင်းပြည်ဟာယနေ့အချိန်ထိတိုင် ဆင်းရဲတဲ့နိုင်ငံအဖြစ် ရပ်တည်နေရဆဲဖြစ်ပါတယ်။ ထို့အတူ မြန်မာနိုင်ငံရဲ့လူဦးရေဟာ ယခင်က သန်း ၆၀ ရှိတယ်လို့ ဆိုသော်ငြားလည်း ၂၀၁၄ ခုနှစ် လူဦးရေနဲ့အိမ်အကြောင်းအရာပေါ် သန်းခေါင်စာရင်းကောက်ယူမှု အသစ်အရ ၅၁.၅ သန်းသာရှိတာ တွေ့ရပါတယ်။ ဒီလိုမြန်မာနိုင်ငံရဲ့လူဦးရေဟာ တိုးမလာတဲ့အပြင် လျော့ကျသွားခြင်းဟာ ပြည်ပသို့ရွှေ့ပြောင်းအခြေချပြီး သွားရောက်အလုပ်လုပ်ကိုင်နေခြင်းနှင့် ကြီးမားစွာဆက်စပ်လျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းသစ်အရ ပြည်ပမှာ နေထိုင်သူနိုင်ငံသား နှစ်သန်းရှိတယ်လို့ခန့်မှန်းရပါတယ်။ ပြည်ပကိုဝမ်းရေးအတွက် ရေကြည်ရာမြက်နုရာသွားရောက်ပြီး အလုပ်လုပ်ကိုင်နေကြတဲ့သူတွေရဲ့ထက်ဝက်ခန့်ဟာ မွန်ပြည်နယ်၊ ကရင်

ပြည်နယ်နဲ့ ရှမ်းပြည်နယ်တွေက ဖြစ်ပါတယ်။ ပြည်ပရောက်မြန်မာနိုင်ငံသားတွေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ထိုင်းနိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်နေတယ်လို့ သိရပါတယ်။ ရွှေ့ပြောင်းအလုပ်သမားတွေဟာ ကိုယ့်နိုင်ငံကိုစွန့်ခွာပြီး ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်နေကြတာဟာ ပျော်လို့တော့မဟုတ်ပါဘူး။ သူများနိုင်ငံကို အထင်ကြီးအားကျကြလို့လည်း မဟုတ်ကြပါဘူး။ ကိုယ့်ရဲ့နိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ရှားပါးလို့၊ ကိုယ်ရရှိတဲ့တစ်နေ့တာဝင်ငွေဟာ ကိုယ့်မိသားစုဝမ်းရေးအတွက် မလောက်ငလို့၊ ပညာသင်ကြားရေး၊ ကျန်းမာရေးအတွက် ကုန်ကျတဲ့စရိတ်တွေကို မတတ်နိုင်တော့လို့ ကိုယ်ချစ်ခင်တဲ့ မိသားစုကိုခွဲခွာပြီး သူများနိုင်ငံမှာ မျက်နှာငယ်စွာနဲ့ အလုပ်လုပ်ကိုင်နေကြခြင်း ဖြစ်ပါတယ်။ တချို့လည်း ဝင်ငွေရှာဖွေရန်အလို့ငှာ လာရောက်ခြင်းမျိုးမဟုတ်ဘဲ စစ်ဘေးဒဏ်ကြောင့် ငြိမ်းချမ်းတဲ့ နေရာကိုထွက်ပြေးခိုလှုံလာကြရခြင်းဖြစ်ပါတယ်။

ပြည်ပမှာရွှေ့ပြောင်းအလုပ်သမားတွေရဲ့ဘဝဟာ အင်မတန်မှပဲ ကြမ်းတမ်းလှပါတယ်။ အလုပ်ရှင်တွေက ရတဲ့လုပ်ခအပေါ် ခေါင်းပုံဖြတ်ခြင်း၊ အလွဲသုံးစားလုပ်ခြင်း၊ လုပ်ခလစာ မပေးခြင်း၊ အဓမ္မအချိန်ပိုခိုင်းစေခြင်း၊ အလုပ်အကိုင်အခြေအနေခက်ခဲမှုရှိခြင်း၊ နေရာထိုင်ခင်း မလုံခြုံ ခြင်း၊ ခန့်တဲ့အလုပ်နေရာနဲ့မျှော်မှန်းထားတဲ့အလုပ်နေရာ ကွာခြားခြင်း၊ ရပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်း စတဲ့အခက်အခဲတွေကို ကြုံတွေ့နေရတဲ့အပြင် အထောက်အထားမရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ အဖြစ်နဲ့ ရပ်တည်နေရတဲ့အတွက် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများရဲ့သားကောင်တွေအဖြစ် ကျရောက်နေပါတယ်။ ဒီရဲ့ဒဏ်တွေကိုမခံစားနိုင်တော့လို့ ကြိုးစားရုန်းကန်ရင်း စင်ကာပူနိုင်ငံမှာ တိုက်အမြင့်ပေါ်ကနေ ခုန်ချပြီးကိုယ့်ကိုယ်ကိုသတ်သေသွားရှာတဲ့ ချင်းတိုင်းရင်းသူလေးလို ထိုင်းနိုင်ငံ လိပ်ကျွန်းလူသတ်မှုမှာ မတရားအမှုဆင်ဖမ်းဆီးခံရပြီး တရားရင်ဆိုင်နေကြရတဲ့ ရခိုင်တိုင်းရင်းသား လေးတွေလို လူသိများတဲ့အဖြစ်အပျက်မျိုးတွေရှိခဲ့သလို လူသိသူမသိနဲ့ကြေကွဲစရာကောင်းတဲ့ အဖြစ်အပျက်တွေဟာလည်း အတောမသတ်အောင်ရှိနေဆဲပဲ ဖြစ်ပါတယ်။ ဒါ့အပြင် အိမ်နီးချင်း တရုတ်ပြည်မှာ သတို့သမီးအဖြစ် အတင်းအကျပ်စေခိုင်းခြင်းခံရတဲ့ မိန်းကလေးအများစုလာတဲ့နိုင်ငံဟာ မြန်မာနိုင်ငံဖြစ်တယ်လို့ ဆိုပါတယ်။ ဆင်းရဲနွမ်းပါးမှုနဲ့ ဝင်ငွေမလုံလောက်မှု၊ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရှားပါးမှုတွေကြောင့် ရိုးသားတဲ့တောသူ၊ တောင်သားမြန်မာမိန်းကလေးတွေဟာ လူကုန်ကူးသူပွဲစားများရဲ့ ဈေးကွက်တွင်းသို့ ကျရောက်လာကြပါတယ်။ စားဝတ်နေရေးအတွက်သော်လည်းကောင်း၊ မိသားစုထောက်ပံ့ရန်သော်လည်းကောင်း ဝင်ငွေရှာဖွေရန်အလို့ငှာ မြန်မာပြည်ကအမျိုးသမီးတွေဟာ တရုတ်နိုင်ငံကို လူပွဲစားများရဲ့ပို့ဆောင်ခြင်းခံရပြီးတဲ့နောက် အတင်းအကျပ်မယားအဖြစ် ပေါင်းသင်းခံရခြင်းနဲ့ အဆုံးသတ်သွားကြရတယ်လို့ ဆိုပါတယ်။ ယခုအချိန်မှာ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မိမိတို့နိုင်ငံသားများဟာ အိမ်နီးချင်းနိုင်ငံတွေရဲ့ ပြောင်းရွှေ့လုပ်သားများအပေါ်ထားရှိတဲ့ မူဝါဒပြောင်းလဲလာခြင်းနဲ့ ဥပဒေများပြင်ဆင်ပြဋ္ဌာန်းလာခြင်းတို့ကြောင့် ပြည်ပမှာဆက်လက်အလုပ်လုပ်ကိုင်ရန် အဆင်မပြေကြတဲ့အတွက် ပြည်တွင်းကိုတဖွဲဖွဲဝင်ရောက်လာသူဟာ သိန်းချီရှိနေပြီဖြစ်ကြောင်းသိရပါတယ်။ သူတို့တွေ အမိနိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာတဲ့အခါ တရားမဝင်အလုပ်သမားတွေ ဖြစ်နေကြတဲ့အတွက် နယ်စပ်ဝင်ဂိတ်တွေမှာ တာဝန်ကျသူတွေက ငွေညှစ်နေတာတွေ၊ တောင်မေးမြောက်မေးမေးတဲ့အခါ

ဗမာစကားကို လည်ဝယ်အောင်မပြောဆိုတတ်လို့ ပြန်ဖမ်းချုပ်ခံရတာတွေလည်း ကြုံတွေ့ခံစားနေကြရပါတယ်။ ဒါ့အပြင် မွေးရပ်ဒေသကိုပြန်လည်ရောက်ရှိတဲ့အခါ မူလနေထိုင်ခဲ့တဲ့ အိမ်နေရာမရှိတော့လို့ အိမ်မဲ့၊ ရာမဲ့ဖြစ်ရတဲ့ပြဿနာ၊ မှတ်ပုံတင်၊ အိမ်ထောင်စု စာရင်းသွားလုပ်ကြရတဲ့အခါ အထောက်အထားမဲ့နေတဲ့ပြဿနာ၊ အလုပ်အကိုင်ပြန်လည်ရရှိရေး ပြဿနာ၊ ရွှေ့ပြောင်းအလုပ်သမားများရဲ့ ကလေးတွေအတွက် ပညာဆက်လက်သင်ယူနိုင်ခွင့်ပြဿနာတွေကိုလည်း ကြုံတွေ့နေကြရပါတယ်။ ဒီအခက်အခဲတွေကိုအဆင်ပြေစေဖို့အတွက် အကူအညီများဖြည့်ဆည်းပေးနိုင်ရန် အစိုးရရဲ့ထိရောက်မြန်ဆန်တဲ့ တုံ့ပြန်မှုဟာလိုအပ်လျက်ရှိနေပါတယ်။ အခက်အခဲဖြစ်လို့ ပြန်လာကြတဲ့သူတွေကို အခက်အခဲမဖြစ်ရလေအောင် ဒုက္ခရောက်လို့ ပြန်လာကြရှာတဲ့သူတွေအပေါ်မှာ ဒုက္ခထပ်ပြီး မရောက်အောင် အစိုးရအနေနဲ့ပံ့ပိုးကူညီသွားဖို့ လိုအပ်နေပါတယ်။ နိုင်ငံတော်ကိုအုပ်ချုပ်နေတဲ့ အစိုးရတစ်ရပ်ဟာ နိုင်ငံသူ၊ နိုင်ငံသားတွေအပေါ် မိဘသဖွယ်ကူညီစောင့်ရှောက်သွားပေးဖို့ တာဝန်ရှိပါတယ်။ သူတစ်ပါးနိုင်ငံမှာ ဒုက္ခကြုံတွေ့နေရသူရဲ့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ သောကမျက်ရည်တွေတိတ်စေဖို့၊ ကံအကျိုးပေးမကောင်းရှာတဲ့သူတွေရဲ့ အနာဂတ်ဘဝတွေလှပစေဖို့ နိုင်ငံတော်အစိုးရအနေနဲ့ ထိရောက်တဲ့မူဝါဒများချမှတ်ပြီး ကူညီစောင့်ရှောက်သွားသင့်ပါကြောင်း တိုက်တွန်းရင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုကိုအလေးအနက်ထောက်ခံ ဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့အဆိုနှင့် စပ်လျဉ်းပြီးတော့မှ ကိုယ်စားလှယ်တော်ကြီးများက ပြည့်ပြည့်စုံစုံထောက်ပြဆွေးနွေးအကြံပြုသွားကြတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံသားများရဲ့ အလုပ်အကိုင်ရရှိရေးနှင့် အလုပ်သမားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်ဟာ ဦးစားပေးလုပ်ငန်းများအနက် နိုင်ငံတော်အစိုးရရဲ့ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်းပဲ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာမူဝါဒများ၊ အလုပ်အကိုင်ဆိုင်ရာမူဝါဒများကိုလည်းပဲ တိကျစွာရေးဆွဲပြီးတော့မှ၊ သတ်မှတ်ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပြင်ပသို့သွားရောက်ကြတဲ့ နိုင်ငံသားများ ပြည်ပနိုင်ငံများမှာရောက်ရှိတဲ့အခါမှာလည်းပဲ မိမိနိုင်ငံသားများအနေနဲ့ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ၊ အထောက်အထားရှိတဲ့သူဖြစ်စေ၊ အထောက်အထားမရှိတဲ့သူဖြစ်စေ မိမိနိုင်ငံသားများသာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရ၊ မိမိတို့ဝန်ကြီးဌာနအနေနဲ့ အစွမ်းကုန်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

၎င်းတို့အနေနဲ့ ရောက်ရှိတဲ့နိုင်ငံများမှာ ဥပဒေအရ ခံစားခွင့်များနှင့်အညီ ရရှိခံစားနိုင်ဖို့ နှစ်နိုင်ငံအစိုးရ၊ ဝန်ကြီးအဆင့်၊ ညွှန်ကြားရေးမှူးချုပ်အဆင့်၊ လုပ်ငန်းလုပ်ဆောင်တဲ့အဖွဲ့အဆင့်ဆင့် ပုံမှန်အစည်းအဝေးများ ပြုလုပ်ပါတယ်။ လိုအပ်တဲ့အခြေအနေများမှာလည်းပဲ အထူးအစည်းအဝေးများခေါ်ပြီးတော့မှ မိမိနိုင်ငံသားများအတွက် ကူညီစောင့်ရှောက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုင်းနိုင်ငံမှာ ရောက်ရှိနေတဲ့ ရွှေ့ပြောင်းအလုပ်သမားများဟာ အများဆုံးဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်နေ့ကစပြီးတော့မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထိုင်းနိုင်ငံမှာ ရောက်ရှိနေတဲ့ရွှေ့ပြောင်းအလုပ်သမားများ၊ အထောက်အထားမဲ့ရော၊ အထောက်အထားရှိတဲ့သူများပါ ထိုင်းနိုင်ငံအစိုးရတာဝန်ရှိအဖွဲ့များနှင့် ပူးပေါင်းပြီးတော့မှ အထောက်အထားများကို စနစ်တကျ ထုတ်ပေးခဲ့တဲ့နေရာမှာ ယခုအချိန်အထိ တစ်သန်းကျော်ထုတ်ပေးပြီး ဖြစ်ပါတယ်။ စာရင်းဇယားအရ အထောက်အထားမဲ့အလုပ်သမားစုစုပေါင်း လေးသိန်းကျော်ကျန်ရှိနေတယ်လို့ သိရတဲ့အတွက် ဒီလုပ်သားများအတွက်လည်းပဲ ကျွန်တော်တို့ CI စခန်းကိုးခု၊ ရွေ့လျားယာဉ်များနှင့် သုံးခုခွဲပြီးတော့မှ အလုပ်သမားများရှိတဲ့နေရာမှာ သွားရောက်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့နှင့်အတူ ထိုင်းနိုင်ငံမှာရှိတဲ့ လူဝင်မှုကြီးကြပ်ရေးပူးပေါင်းအဖွဲ့၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဝန်ကြီးဌာနတို့ကလည်းပဲ ပေါင်းစပ်ပြီးတော့မှ One Stop Service နဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်သမားသံအရာရှိများကိုလည်းပဲ ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံမှာ ခန့်ထားလျက်ရှိပါတယ်။ လိုအပ်ချက်အပေါ်မူတည်ပြီးတော့မှ နိုင်ငံတော်အစိုးရနှင့် ခွင့်ပြုချက်နှင့် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ CI စခန်းမှာရှိတဲ့ အလုပ်သမားသံအရာရှိများအနေနဲ့လည်းပဲ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အပါအဝင် ကျွန်တော်တို့နိုင်ငံသားများအတွက် ဥပဒေနှင့်အညီ ခံစားခွင့်များရှိအောင် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်လို့ ကျွန်တော်အလေးအနက်ထား ဆွေးနွေးလိုပါတယ်။

အလားတူပဲ ပြန်လည်ရောက်ရှိလာတဲ့ အလုပ်သမားများနှင့်ပတ်သက်ပြီးတော့မှ နယ်စပ်ဒေသများမှာ ဥပဒေများ မည်သို့ပင်ရှိသည်ဖြစ်စေ ကိုယ့်နိုင်ငံကို အကြောင်းအမျိုးမျိုးကြောင့်ပြန်လာတဲ့အခါမှာ ဌာနဆိုင်ရာတာဝန်ရှိသူများအပြင် ဒေသမှာရှိတဲ့ NGO များ၊ INGO များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်များ၊ အဖွဲ့အစည်းများ၊ လွှတ်တော်ဥက္ကဋ္ဌကြီးများကိုယ်တိုင်ကြိုဆိုပြီးတော့မှ သူတို့သွားရောက်လိုတဲ့နေရာများမှာ ပို့ဆောင်ပေးလျက်ရှိပါတယ်။ ပြန်လာလိုတဲ့အလုပ်သမားများကိုလည်းပဲ ဌာနအစီအစဉ်အပါအဝင် သက်ဆိုင်ရာဒေသမှာရှိတဲ့လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝန်ကြီးဌာနအပါအဝင် ပညာရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ ကျွမ်းကျင်မှုပညာသင်တန်းများ၊ TVET ခေါ်တဲ့သင်တန်းများကိုလည်းပဲ စဉ်ဆက်မပြတ်ပို့ချပြီးတော့မှ ပညာရေးမူဝါဒများကိုလည်း ပြောင်းလဲစီမံဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်းပဲ ကျွမ်းကျင်မှုသင်တန်းများကို ဌာနအစီအစဉ်နဲ့ရော၊ အခြားသောဝန်ကြီးဌာနများအစီအစဉ်နဲ့ရော၊ ပြီးတော့မှ ပုဂ္ဂလိကများ၊ NGO၊ INGO များရဲ့အစီအစဉ်ရော၊ UN အဖွဲ့အစည်းများရဲ့အစီအစဉ်များဖြင့်ပါ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြန်ရောက်လာတဲ့ နိုင်ငံသားအလုပ်သမားများအတွက် ထိရောက်တဲ့ကူညီစောင့်ရှောက်မှုများပေးနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ဝန်ကြီးဌာနတစ်ခုတည်းက

သာမကဘဲနဲ့ နိုင်ငံတော်အစိုးရတစ်ဖွဲ့လုံး၊ ဥပမာအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနအပါအဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနစတဲ့ ဝန်ကြီးဌာနအားလုံးက သူတို့ရဲ့ဌာနလုပ်ပိုင်ခွင့်၊ မူဝါဒများအရ ဆောင်ရွက်နေတဲ့နည်းတူ အားလုံးလည်း ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။ အကူအညီပေးတဲ့ INGO, NGO များ၊ UN အဖွဲ့အစည်းများလည်း စဉ်ဆက်မပြတ်ပေါင်းစပ်ပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့လက်မှတ်ရေးထိုးထားတဲ့ သဘောတူစာချုပ်များနှင့်အညီ ပြည်တွင်းပြည်ပပြောင်းရွှေ့အလုပ်သမားများအတွက်ကိုလည်းပဲ ရေရှည်အစီအမံများနှင့် ထိရောက်အောင်ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းသီဟကျော် တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီးတော့မှ ကျွန်တော်တို့အစိုးရကဦးစီးပြီးတော့မှ ဝန်ကြီးဌာနအားလုံးက ဘက်စုံ၊ ကဏ္ဍစုံက သုံးသပ်ပြီးတော့မှ စဉ်ဆက်မပြတ်ဆောင်ရွက်နေတဲ့လုပ်ငန်းများဖြစ်တဲ့အတွက် တင်ပြတဲ့အဆိုကို လွှတ်တော်အနေနဲ့ မှတ်တမ်းအဖြစ်ထားရှိသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အကြောင်းအမျိုးမျိုးနဲ့နိုင်ငံပြင်ပသို့သွားရောက်အလုပ်လုပ်ကိုင်နေကြရတဲ့ မြန်မာနိုင်ငံသားများဟာ ပြည်ပနိုင်ငံများရဲ့ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ၊ မူဝါဒများနှင့် အခြားသောအကြောင်းအရင်းတို့ကြောင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ရလျက် ရှိနေတဲ့အတွက် ၎င်းတို့ဆက်လက်ရပ်တည်နိုင်ရေးနှင့် နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာကြပါက ထိရောက်တဲ့ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သင့်လျော်တဲ့မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း ဒီအဆိုကို ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်နှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမမြောက်နေ့(၂၆-၁၀-၂၀၁၇ ရက်နေ့)မှာ လွှတ်တော်ကိုတင်သွင်းခဲ့ပါတယ်။ အဲဒီကာလက အိမ်နီးချင်းနိုင်ငံအချို့ရဲ့ပြောင်းရွှေ့လုပ်သားများအပေါ်ထားရှိတဲ့မူဝါဒအပြောင်းအလဲများနှင့် ဥပဒေပြင်ဆင်ချက်တွေကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံသားတိုင်းရင်းသားတွေဟာ အခက်အခဲ၊ ဒုက္ခများ ရင်ဆိုင်ခဲ့ရတာကို နိုင်ငံတော်အစိုးရကနေပြီးတော့ ထိထိရောက်ရောက်ကူညီပေးနိုင်ဖို့လို့ ဒီအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်သဘောတူခဲ့ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးကလည်း ထောက်ခံ၊ ဝေဖန်အကြံပြုဖြည့်စွက်ဆွေးနွေးပေးခဲ့ကြလို့ အထူးပဲကျေးဇူးတင်ရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ အဆိုနှင့်စပ်လျဉ်းပြီး ပြည့်ပြည့်စုံစုံပြန်လည်ရှင်းလင်းပေးတဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ဆောင်ရွက်ချက်များကို ပိုမိုသိရှိလာခဲ့ရတဲ့အတွက်လည်းပဲ အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံသားများကို နိုင်ငံတော်က ပိုမိုကူညီစောင့်ရှောက်ပေးစေလိုတဲ့ စိတ်စေတနာနဲ့ ဒီအဆိုကို ကျွန်တော်တင်သွင်းခဲ့တာမှန်ပေမဲ့ လွှတ်တော်က လက်ခံဆွေးနွေးဖို့ သဘောတူပေးခဲ့တယ်။ ကိုယ်စားလှယ်များကလည်း ပါဝင်ဆွေးနွေးပေးခဲ့ပါတယ်။ လိုအပ်ချက်တွေလည်းရှိနေသေးကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ ဒါကြောင့် အဆိုကို မိမိတစ်ဦးတည်းအနေနဲ့ အတည်ပြုပေးဖို့ဆန္ဒရှိပါတယ်။

သို့သော် မိမိတစ်ဦးတည်းဆန္ဒထက် လွှတ်တော်ကိုယ်စားလှယ်များကပဲ အဆိုကို အတည်ပြုသင့် သလား။ မှတ်တမ်းတင်သင့်သလားဆုံးဖြတ်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရှင်းအောင်မေးပါ့မယ်။ အဆိုရှင်ရဲ့သဘောထားက အတည်ပြုသင့်ကြောင်း ပေါ့နော်။ ဟုတ်ပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ် က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ခုနစ်ဦးကဆွေးနွေးပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနက အဆိုအားမှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင် ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြုဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ဆုံးဖြတ်သွားမှာဖြစ်ပါ တယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ် မူတည်ပြီး မဲခွဲဆုံးဖြတ်ပါ့မယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့ အတည်ပြုရန်တင်ပြချက်က အတည်ဖြစ်ပါ့မယ်။ ကန့်ကွက်မဲများလျှင် ဝန်ကြီးဌာနရဲ့မှတ်တမ်းတင်သင့် ကြောင်း တင်ပြချက်က အတည်ဖြစ်ပါ့မယ်။ ကျွန်တော်ထပ်ပြောပါ့မယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ် မူတည်ပြီး မဲခွဲဆုံးဖြတ်ပါ့မယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့ အတည်ပြုရန်တင်ပြချက်က အတည် ဖြစ်ပါ့မယ်။ ကန့်ကွက်မဲများလျှင် ဝန်ကြီးဌာနရဲ့မှတ်တမ်းတင်ရန် တင်ပြချက်က အတည်ဖြစ်ပါ့မယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၁၆၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၀၄ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၅ မဲဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးစိုင်းသီဟကျော် တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်း အလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အတည်ပြုရန်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ် ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့ ၁၈-၁-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေ ကြမ်းကော်မတီရဲ့အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိ ပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၂- ၁-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက် အဆိုတင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမား

များ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိသဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၉။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၁း၄၉ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ (၅.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Thein Swe | Dr San Shwe Win




U Thein Swe | Daw Aye Aye Mu




U Thein Swe | U Tin Aye




U Thein Swe | U Kyaw Aung Lwin




U Thein Swe | U Sai Aung Kyaw




U Thein Swe | U Naing Naing Win

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်